



mgyoe.com
SAMPLE BOOK
သာ၍ဝေးရာဆီကိုပါ
mgyoe.com


mgyoe.com
SAMPLE BOOK
သာရှဝေးရာဆီကိုပါ
ISBN 978-99971-44-98-0
9 789997 144980 >

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ၁၉၇၅ ခုနှစ်၊ ဧပြီလ၊ လှမော်စာပေ။

ဒုတိယအကြိမ် - ၂၀၁၂ ခုနှစ်၊ ဇွန်လ၊ ကံ့ကော်ဝတ်ရည်စာပေ။

တတိယအကြိမ် - ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - မြင့်မောင်ကျော်

တန်ဖိုး - ၈၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# သာ၍ ဝေးရာဆီကိုပါ

တက္ကသိုလ်ဘုန်းနိုင်



mgyoe.com

mgyoe.com SAMPLE BOOK

စကားသစ္စာ
မှန်သောခါကား
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။

ရှင်မဟာသီလဝံသ

သစ္စာ
ငါ့စာဖတ်၍ မမြတ်တိုင်စေ
မရှုံးစေသား။ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ပြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါ့အတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

မှောင်လိုက်သည်မှာ မည်းနေ၏။ ပိန်းပိတ်အောင် မှောင်ပါသည်လေ။ သည်အမှောင်မျိုးကို မကြုံဖူးပါလား။ ရှေ့ကို ဘယ်ပုံ တိုးရမည်နည်း။ ရှေ့တိုးလေ မှောင်လေ။ အမှောင်က ဆုံးပါတော့မည်လော။ အမှောင်ထဲမှာပင် နေလိုက်ရမည်လော။ အို... မဖြစ်သေး။ ကိုယ်က ပြေးရမည်။ ပြေးနေရသူ။ ပြေး... ပြေး... ပြေး....။ မှောင်ထဲမှာပင် ပြေး။ ဟိုး... အဝေးရောက်သည်အထိ ပြေး။ သြော်... ပြေးနိုင်မှ လွတ်မည်။

ဟိုး... အနောက်မှာ။ မှတ်မိသမျှ ဟိုးအနောက်မှာက တံတိုင်းကြီး။ ငြင်းပယ်သော တံတိုင်းကြီး၊ ဖီလာဆီးသော တံတိုင်းကြီး၊ ရက်စက် ညှိုးမှိုင်းသော တံတိုင်းကြီး၊ သည်တံတိုင်းကြီးကို ကြောက်ပါသည်။ သည်တံတိုင်းကြီးတွင်းက အခန်းကျဉ်းလေးကို ပိုကြောက်ပါသည်။

ကိုယ်တစ်ယောက်တည်း။ အခန်းကျဉ်းလေးတွင်းမှာ ကိုယ်တစ်ယောက်တည်း။ သြော်... သည်အခြေကျမှတော့ တစ်ယောက်တည်းပေါ့။ မှောင်ထဲက ဖယောင်းတိုင်မီးလေးလို ကိုယ်တစ်ယောက်တည်း။ ဖယောင်းတိုင်မီးလေး ငြိမ်းသွားတော့ အမှောင်ပဲပေါ့။ ပိန်းပိတ်အောင် မှောင်သည့် အမှောင်ပဲပေါ့။ ကိုယ့်ဘဝဆိုသည့် ဖယောင်းတိုင်မီးလေး ငြိမ်းသွားလျှင်ကော...။

ပြေး... ပြေး။ ပြေးနိုင်မှ လွတ်မည်။

mgyoe.com

mgyoe.com

မှောင်ထဲမှာ ပြေးရတော့ ခလုတ်တိုက်မိသေးသလော။ အရှိန်သည် တုံ့ခနဲ တန့်သွားသည်။ ဦးခေါင်းကလည်း တစ်စုံတစ်ရာနှင့် တိုက်မိသည်။

ထိတ်လန့်စွာဖြင့် မျက်လုံးများကို ဖွင့်လိုက်သောအခါ အလင်းရောင်တို့ စူးရှစွာ ဝင်လာသည်။

အပြန်အလှန် စကားပြောသံများလည်း ပေါ်လာ၏။

"ဘာဘူတာပါလိမ့်"

"ဒိုက်ပျက်လေ၊ ဟိုမှာ စာရေးထားသားပဲ"

"ဩော်... ဟုတ်ပါရဲ့၊ ဟသာတနား နီးပြီလား"

"အဝေးကြီး လိုပါသေးတယ်၊ ကြားထဲမှာက ခမောက်စု၊ ယုန်သလင်း၊ နိဗ္ဗာန်၊ နတ်မော်၊ လေးဘူတာတောင် ကျန်သေးတယ်"

"လေးဘူတာတောင် ကျန်သေးသလား၊ သိပါဘူး၊ ကျွန်တော်က ဒီလမ်းမှာ တစ်ခါမှ မသွားဖူးသေးဘူး"

ကြည်လင်စွာ နိုးလာခဲ့ပြီ ဖြစ်သော သူက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ကြည့်သည်။

ဩော်... ရထားတွဲ တစ်ခုပေါ်မှာပါကလား။ စောစောက ဦးခေါင်းနှင့် တိုက်မိသည်မှာ သစ်သားခုံတန်း နောက်မှီ ဖြစ်သည်။ ချိုစောင်းတစ်ဖက်က အနည်းငယ်လေး နာနေသည်။

သူ့လက်တစ်ဖက်က နာသော နေရာဆီ ရောက်သွားသည်။ စေးထန်းထန်း အရာတို့ကို စမ်းမိသည်။ ပြန်ရုပ်ယူလိုက်သော လက်ဖျားတွင် သွေးစသွေးနများ ကို တွေ့ရသည်။

သည်ဒဏ်ရာ ကောင်းကောင်း မကျက်သေးပါလား။ မကျက်သေးဆို အင်း... အဲ... ဘယ်နှရက် ရှိပြီနည်း။

သူသည် မျက်မှောင်ကြုတ်လိုက်မိသည်။ မမှတ်မိ။ ဘယ်လိုကော ရလာသလဲ။ အင်း... အဲဒါလည်း ဒုက္ခ။ ထားတော့။ ယခု လွတ်လာခဲ့ပြီ မဟုတ်လော။ လွတ်လာရင် ပြီးရောပေါ့။ လွတ်အောင် ပြေးခဲ့ရသည့် နောက်တော့ ဒဏ်ရာ ဆိုသည်က ရမည်။ မဆန်း။ ဘာမျှ မဆန်း။

ဘူတာတွင် ရထားက ခဏလေးသာ ဆိုက်ပြီး ပြန်ထွက်သည်။

ဘူတာလေးက သေးသေး။ ရွာလေးကလည်း သေးသေး။ တက်သူ ဆင်းသူ ဟူ၍လည်း များများစားစား မရှိ။

mgyoe.com

ထွက်စ ဖြစ်သောကြောင့် အရှိန်နှေးသော ရထားက တလှုပ်လှုပ် တငြိမ့်ငြိမ့် နိုင်သည်။

သူသည် တွဲတွင်းရှိ ခရီးသည်များကို ကြည့်မိပြန်သည်။

စောစောက စကားပြောနေကြသူ နှစ်ဦးက သူ့မျက်နှာချင်းဆိုင်ရှိ ခုံတွင် တွဲထိုင်နေကြသည်။

ယခုလည်း သူတို့ စကားပြောကြပြန်သည်။

"တွဲက လူချောင်တယ်နော်"

ယင်းမှတ်ချက်ကိုပေးသူကား ခေါင်းတုံးဆံတောက်နှင့် အသက်သုံးဆယ်ခန့်ရှိသူ တစ်ဦး ဖြစ်၏။ မိုးကာဖျင် ဂျာကင်အင်္ကျီကို ဝတ်ထားသည်။ သူ့အနီးတွင် နိုင်ငံခြားလေယာဉ်ကုမ္ပဏီ တစ်ခု၏ တံဆိပ်အမှတ်အသား ပါသော အပြာရောင် လက်ဆွဲသားရေအိတ် တစ်ခု ရှိနေသည်။

သူ့စကားပြောအဖော်ကား ပင်ညိုရောင် တိုက်ပုံအင်္ကျီမနွမ်းတနွမ်းကို ဝတ်ထားသည်။ ဘိုကေမှာ နောက်ပါး၊ ဘေးပါး ဖြစ်ပြီး ဆံပင်နက်တွင် ဆံပင်ဖြူများ ရောနေ၏။

ထိုသူက စကားပြန်သည်။

"ခါတိုင်းတော့ ဒီလိုင်းလဲ လူကျပ်တာပဲပေါ့ဗျာ၊ အခုတော့ ရထားတွေမှာ စည်းကမ်းလဲ ပြန်ကိုင်နေတယ်။ ပြီးတော့ ရန်ကုန်မှာက ညမထွက်ရ အမိန့် ထုတ်ထားတယ် မဟုတ်လား၊ ညခြောက်နာရီ မတိုင်ခင် ရန်ကုန် ဝင်နိုင်အောင် ရထားက အချိန်ပြောင်းပြီး မနက်လေးနာရီ ပုသိမ်က ထွက်တော့ လူချောင်တာပေါ့"

မျက်နှာချင်းဆိုင်မှ တစ်ဦးတည်းသော သူ့အတွက်လည်း ပြဿနာ တစ်ခုက ရှင်းသွား၏။

မှောင်နှင့်မည်းမည်း။ ဟုတ်သည်။ ထွက်လာစက မှောင်နှင့်မည်းမည်း။ နံနက်လေးနာရီ ဆိုတော့ မှောင်နှင့်မည်းမည်း ရှိသေးသည်ပေါ့။

ဘယ်အချိန်က ရထားထွက်လိုက်သည်ကိုပင် သတိမပြုမိ။ အိပ်ပျော်လိုက်လာတော့ အိပ်မက်တွေ ဘာတွေ မက်သည်ပေါ့။ အိပ်မက်တွင်းမှာလည်း မှောင်နှင့်မည်းမည်း။ မှောင်ကြီးထဲတွင် ခရီးသွားရခြင်း။ အင်း... အဟင်း... ဒါပေမဲ့ တံတိုင်းကြီးရယ်၊ အခန်းကျဉ်းလေးရယ်၊ အဲဒါတွေက အိပ်မက် မဟုတ်ပါ။ အိပ်မက်ထဲမှာတော့ ပါတယ်လေ။ ဒါပေမဲ့ အိပ်မက် မဟုတ်ပါ။ မဟုတ်ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


သူ့လက်က ဦးခေါင်းမှ ဒဏ်ရာဆီ ပြန်ရောက်သွားသည်။ သွေး စိုစို ထိုင်းထိုင်းကို စမ်းမိပြန်၏။

သည်တစ်ကြိမ်တော့ ဒဏ်ရာအကြောင်း ဆက်မစဉ်းစားဘဲ ခရီးသည်များကို တစ်ဦးချင်း လိုက်ကြည့်သည်။

ဘယ်ဘက်ခုံတန်းမှာက လူငယ်နှစ်ဦး။ ဆံပင်များက နီကြောင်ကြောင်နှင့် ကုပ်ကျော်အောင် ရှည်သည်။ ဘောင်းဘီတွေက ကျပ်သည်။ ခြေမျက်စိလောက်ကျတော့ အဝတွေက ကားနေပြန်သည်။ လက်ပတ်နာရီကြီးတွေကတော့ ပြူးတူးပြတဲ။ ဒိုင်ခွက်ကလည်း အရောင်စုံပါတကား။

ကျန်ခရီးသည်များကတော့ သူလို ငါလို။ ယောကျ်ားတွေရော၊ မိန်းမတွေပါ သူလို ငါလို။ အထုပ်တွေလည်း ပါသည်။ တောင်းတွေလည်း ပါသည်။ ခြင်းတွေလည်း ပါသည်။

မလှမ်းမကမ်းတွင်တော့ အဘိုးကြီးတစ်ဦးက ရပ်နေသည်။ အရပ်ကြီးက ရှည်ပြီး ခါးက ကိုင်းနေ၏။ ဖျင်ကြမ်းတိုက်ပုံ အောက်မှာ ဘာမျှမရှိ။ ရင်ဘတ်မှ အရိုးတို့ ပေါ်နေသည်။ ဝါးခမောက် အောက်၌ ပေါ်နေသော မျက်နှာက မေးရိုးသည် ခိုင်ပြီး လေးထောင့်ပုံ ကျသည်။ သို့ရာတွင် ပါးများက ချိုင့်ဝင်နေပြီး မျက်လုံးများက ဖြူဖြူမွဲမွဲ နိုင်လှသည်။

အဘိုးကြီးသည် ခုံတန်းနောက်မှီစောင်းကို ကိုယ်တစ်ခြမ်းနှင့် မှီထားသည်။ ခေါင်းပိတ် ဝါးတောင်ဝှေး တစ်ခုကိုလည်း လက်နှစ်ဖက်ဖြင့် ကိုင်ကာ အားယူ ထောက်ထား၏။

လက်ဖျား၌ စေးထန်းထန်း ကပ်နေသော သွေးတို့ကို အမှတ်မထင် လက်မနှင့် ပွတ်ရင်း သူက စဉ်းစားသည်။

အဘိုးကြီးသည် ဘာကြောင့် မထိုင်ပါသနည်း။ အိုကြီးအိုမ သည်အဘိုးကြီးကို ဘယ်သူကမှ ထိုင်မခိုင်းတော့ဘူးလား။

သူက သူ ထိုင်နေသည်ကို ပြန်ကြည့်မိ၏။

နှစ်ယောက်ထိုင်ခုံတွင် သူ တစ်ယောက်တည်း။ သည်ထိုင်ခုံပေါ်မှာ စောစောက သူ ဖိမ်နှင့် ကွေးအိပ်လာဟန် တူသည်။ ယခုလည်း ခြေကို မကွေးတကွေး တင်ထားပြီး ပြတင်းနံရံနှင့် နောက်မှီထောင့်မှာ ကိုယ်ကို အလိုက်သင့် မှေးထားသည်။ တယ်တော့ ဖိမ်မကျလှ။ နေရာကို ဗိုလ်ကျ အပိုယူထားသည်နှင့် တူနေ၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

သူက နေရာကို ပြင်ထိုင်လိုက်သည်။ သူ့ဘေးတွင် လူတစ်ယောက်စာ လွတ်သွားသည်။ သူက အဘိုးကြီးကို လှမ်းကြည့်ပြီး အမူအရာနှင့် ဖိတ်ခေါ်၏။

တုန်တုန်ချည့်ချည့်ဖြင့် အဘိုးကြီးက လျှောက်လာပြီး သူ့ဘေးတွင် ဝင်ထိုင်၏။

"သာဓု... သာဓု... ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ"

အဘိုးကြီးက ထိုင်အပြီး၌ ဆုပေးသောအခါ ဆံရှည်ကောင်လေး နှစ်ဦးက ပြုံးစိစိဖြင့် လှမ်းကြည့်ကြ၏။

အဘိုးကြီး ပေးသော ဆုကို သူက စဉ်းစားသည်။

ဘုန်းကြီးပါစေ။ အင်း... အဟင်း... သည်အခြေနှင့် သည်ဘဝမှာ ဘုန်းကြီးဖို့က ဘာဆိုင်သနည်း။ အသက်တော့ ရှည်လိုသည်။ အသက်ရှည်ဖို့သည်သာ ဘဝ၏ တစ်ခုတည်းသော ဦးတည်ချက် ဖြစ်ခဲ့ပြီ မဟုတ်ပါလော။ ဘဝ ဆိုတာက လည်း မှောင်ထဲက ဖယောင်းတိုင်မီးကလေး။ အဲဒီမီးကလေး မငြိမ်းဖို့၊ ဝှူးခနဲ မှုတ်လိုက်လို့ ငြိမ်းသွားသလို မငြိမ်းဖို့။

သည်တော့... ပြေး၊ လွတ်အောင် ပြေး။

အဘိုးကြီးက တိုးတိုးညင်ညင် မေး၏။

"ဘယ်သွားမှာလဲ"

"ခင်ဗျာ"

"ဘယ်ထိအောင် သွားမှာလဲ"

"အဲ... အင်း... ပုသိမ်က လာတာ"

သူ့အဖြေက အမြီးအမောက် မတည့်။ ဖြေပြီးမှ အမြီးအမောက် မတည့် သည်ကိုလည်း သူ သတိပြုမိသည်။ သို့ရာတွင် မတတ်နိုင်။ အခြား ဖြေစရာလည်း မရှိပြီ။

အဘိုးကြီးက သူ့ကို တစ်ချက် စိုက်ကြည့်သည်။ သို့ရာတွင် သည်မျက်လုံး များအတွင်း၌ အထူးတလည် စူးစမ်းမှုကို မတွေ့ရ။ အရာရာကို လျစ်လျူရှုနိုင် သည့် မျက်လုံးမျိုး ဖြစ်သည်။ သို့မဟုတ် အရာရာကို လျစ်လျူရှုရန် အလေ့ရနေ သော မျက်လုံးမျိုး ဖြစ်ဟန် တူသည်။ ဩော်... သည်အရွယ်ကျမှ အရာရာကို လျစ်လျူရှုနိုင်ပြီပေါ့။ နေဝင်ချိန် ရောက်နေသော ဘဝမှာ ဘာတွေကကော စိတ် ဝင်စားဖွယ် ရှိပါတော့မည်နည်း။

mgyoe.com

mgyoe.com  SAMPLE BOOK 

မျက်လုံးလွှဲသွားပြီးနောက် အဘိုးကြီးသည် ဘာစကားမျှ ထပ်မပြောတော့။ ရထားတွဲ ကြမ်းပြင်ဆီ စူးစိုက်ကြည့်ရင်း ဦးခေါင်း တုန်တုန်ယင်ယင်နှင့် ဆက်လိုက်ပါလာသည်။

မျက်နှာချင်းဆိုင်မှ လူနှစ်ဦး၏ မျက်လုံးနှစ်စုံသည် သူ့ထံ စိုက်လျက်ရှိမှန်း သူ သတိပြုမိသည်။

သူတို့၏ မျက်လုံးများကို ရင်မဆိုင်ဘဲ မျက်နှာလွှဲလျက် သူက အပြင်သို့ ငေးကြည့်လိုက်လာသည်။

သူ့လက်တစ်ဖက်က သူ့မေးကို ပြန်စမ်းမိသည်။ အမွေးအမှင်တို့က ကြမ်းတမ်း စူးရှနေသည်။ ဘယ်လောက်များ ရှည်နေကြပြီနည်း မသိ။ ဩော်.... သူ့ရုပ်သည်လည်း ဘယ်အသွင် ပေါက်နေလေပြီ မသိ။ ရှိစေတော့။ ကောင်းပင် ကောင်းလိမ့်ဦးမည် ထင်သည်။ အင်း... ထင်သည်။

ပြတင်းမှ မြင်ရသော ရှုခင်းက ကျယ်လွင်သည်။ ရိတ်သိမ်းပြီးစ လယ်ကွင်းများမှာ ရိုးပြတ်ဝါဝါတို့ ကျန်နေသည်။ လယ်ကွင်းအများကတော့ မရိတ်သိမ်းရသေး။ မရိတ်သိမ်းသည် ထားဦး၊ မြစိမ်းရောင်ပင် မပျောက်တတ်သေး။ မြစိမ်းနှင့် ရွှေဝါရောင်သည် ရောယှက်နေသည်။ ရွှေတစ်ရိပ်... မြတစ်ရိပ်။ လှဲ့လှဲ့ ထွန်းထွန်း လှပင် လှသေးတော့သည်။

လယ်ကွင်းတို့မှာ လူတွေလည်း အသင့်အတင့် စည်နေသည်။ ဖုန်တထောင်းထောင်းနှင့် မောင်းသွားသော လှည်းတစ်စီး၊ နှစ်စီးစကိုလည်း မကြာခဏ တွေ့ရသည်။ သစ်ပင်ရိပ်အောက်တွင် တလင်းပိုင်းလေးများကိုလည်း ဟိုတစ်ကွက်၊ သည်တစ်ကွက် တွေ့ရ၏။

စပါးရိတ်သူက ရိတ်၊ ကောက်လှိုင်းသယ်သူက သယ်၊ စပါးနယ်သူက နယ်၊ လယ်ကွင်းများ တစ်လျှောက်တွင် လူတွေက အလုပ်များနေကြသည်။ ပျော်နေရွှင်နေကြဟန်လည်း တူသည်။ ဩော်... အနီးမှာဆိုလျှင် တေးသံများကိုပင် ကြားရလိမ့်မည် ထင်၏။

သူသည် ရထားပေါ်မှ ခုန်ဆင်းချင်စိတ် ပေါက်လာသည်။

ရထားတွဲတွင်းမှာက စိတ်ကျဉ်းကျပ်ဖွယ် ရှိသည်။ ကျယ်ပြောသော လယ်တောဆီမှာ ဆိုလျှင် အဘယ်မျှ စိတ်လွတ်လပ်မည်နည်း။ သွားချင်ရာ သွား။ လျှောက်ချင်ရာ လျှောက်။ အတားအဆီးက ဘယ်မှာ ရှိမည်နည်း။ ခရီးဆုံး ဆိုသည်ကလည်း ဘယ်ဆီမှာပါနည်း။

mgyoe.com

mgyoe.com SAMPLE BOOK


သည်ရထားကတော့ တစ်နေရာတွင် ခရီးဆုံးပြီး ဆိုက်နားလိမ့်မည်။ ဘယ်မှာ ဆိုက်နားမည်ပါလိမ့်။ ဩော်... ဩော်... ဟသာ်တ။ စောစောက ရှေ့မှ လူနှစ်ယောက် ပြောကြသော စကားတွင် ပါသည်။ ကြားမှာ လေးဘူတာပြီးလျှင် ဟသာ်တ။ ဟသာ်တ ဆိုတော့ မြို့ကြီးပြကြီး။ မြို့ကြီးပြကြီး ဆိုတော့ ကြောက်စရာ။ မိမိက မြို့ကြီးပြကြီးဆီ ဘာကြောင့် သွားရမည်နည်း။

ရထားအရှိန်သည် တဖြည်းဖြည်း နှေးသွား၏။ ဘရိတ်များ တကျွိကျွိ အော်သံလည်း ထွက်လာ၏။ မကြာမီ ရထားသည် ထိုးရပ်သွား၏။

ရှေ့ခုံတန်းမှ ပင်ညိုရောင်တိုက်ပုံနှင့်လူက ပြတင်းမှ ခေါင်းထုတ်ကြည့်ပြီး ဆို၏။

"ခမောက်စု"

ဂျာကင်အင်္ကျီနှင့် လူကလည်း လိုက်ကြည့်ပြီးမှ မေး၏။

"ဘူတာလဲ မတွေ့ရပါလား"

"ဘူတာ မရောက်သေးဘူး၊ ဘူတာက ဟိုရှေ့နားမှာလေ"

"ဩော်.... ဟုတ်ပြီ၊ ဟုတ်ပြီ၊ တွေ့ရပြီ။ အံမယ်... ဟိုဟာ... ကားလမ်း မဟုတ်လား၊ ရေကြည်က ထွက်ကတည်းက ပျောက်သွားတဲ့ ကားလမ်း ဒီမှာ လာဆုံတယ်နော်"

ပင်ညိုအင်္ကျီနှင့် လူက အသာအယာ ရယ်၏။

"အဲဒါက ရေကြည်က လာတဲ့ လမ်း မဟုတ်ဘူး၊ ဟိုး... နိဗ္ဗာန်ကနေ ခွဲထွက်လာတဲ့ လမ်း၊ အိုင်သပြုဘက်ကို သွားတာ၊ လေးမျက်နှာ သွားချင်ရင် ဒီဘက်ကနေ သွားရတယ်"

"ဩော်... ဒီလမ်းက လေးမျက်နှာအထိ ပေါက်တယ်ပေါ့"

"ဟင့်အင်း... အိုင်သပြုတင်။ အိုင်သပြုက ဝေန်မြစ် ဒီဘက်ကမ်းမှာ၊ လေးမျက်နှာက မြစ်အထက် ဟိုဘက်ကမ်းမှာ။ မော်တော်နဲ့ကို ပျင်းလောက်အောင် ဆန်တက်ရသေးတယ်၊ ရောဝတီတိုင်းရဲ့ မဲဇာပေါ့ဗျာ"

"ဘယ်လို... ရောဝတီတိုင်းရဲ့ မဲဇာ ဟုတ်လား"

"ဟုတ်တယ်၊ လေးမျက်နှာမှာ မူလတန်းပြဆရာ အဖြစ်နဲ့ ကျွန်တော် နှစ်နှစ်လောက် နေဖူးတယ်။ ဒီတိုင်းမှာတော့ ချောင်အကျဆုံးနဲ့ အစွန်အကျဆုံး မြို့ပေါ့ဗျာ။ ဟိုဘက်မှာက ရခိုင်ရိုးမကြီးပဲ ကျန်တော့တာ။ သွားရေး လာရေးကလဲ

mgyoe.com

mgyoe.com


သိပ်ခက်တယ်။ အဲဒီရောက်တဲ့ အစိုးရအမှုထမ်းတွေကတော့ မဲဇာ အပို့ခံရတယ်လို့ ပြောကြတာပဲ”

ရှေ့ထိုင်ခုံမှ သူက ယင်းစကားတို့ကို သေချာစွာ နားထောင်နေသည်။

ချောင်အကျဆုံးနဲ့ အစွန်အကျဆုံး မြို့။ သွားရေး လာရေး ခက်သည်၊ မဲဇာ။ မဲဇာ...။

သည်စကားရပ်က သူ့နားတွင် အထပ်ထပ် မြည်လာနေသည်။

ဂျာကင်အင်္ကျီနှင့် လူက မေးသည်။

“ဒါထက်... ရထားက ဘာလို့ ရပ်နေတာလဲ”

“သိဘူးလေ”

သို့ရာတွင် တစ်ယောက်တစ်ပေါက် ပြောကြသံများ ပေါ်လာ၏။

“လက်မှတ်စစ်တာ တဲ့၊ လက်မှတ်စစ်တာ”

တွဲတွင်းရှိ လူများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ အချို့က တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြသည်။ အချို့က တွဲပေါ်မှ ဆင်းပြီး မြေပြင်မှာ ဣန္ဒြေမပျက် ရပ်နေကြ၏။

သူက တုန်လှုပ်သွား၏။ သူ့လက်တစ်ဖက်က အင်္ကျီအိတ်ဆီ မသိမသာ ရောက်သွားသည်။ သူ့နှလုံး ခုန်နေသည်ကို သူ ပြန်စမ်းမိ၏။

သူသည် မယောင်မလည်နှင့် နေရာမှ ထပြီး တွဲပေါ်မှ ဆင်းလိုက်၏။

မမျှော်လင့်ဘဲ ခရီးက ဆုံးပြီ။ သည်တော့ ဘယ်ကို သွားမည်နည်း။

ခပ်လှမ်းလှမ်းတွင် ရှိသော ဘူတာရုံဆီ သူက လျှောက်လာခဲ့၏။

ဘူတာသို့ ရောက်ရန် အတန် လျှောက်ရသည်။

ဘူတာဆီ ရောက်မှ သူက ရပ်လိုက်သည်။

ဘာလုပ်ရမည်နည်း။ ဒီနေရာက စောင့်လျှင် မကြာမီတော့ ရထားကြီး ဝင်လာမည်။ အဲသည်တော့မှ တွဲပေါ် ပြန်တက်။ ပြီးတော့...

အင်း... ပြီးတော့... ဘယ်ကို လိုက်မည်နည်း။ ဟသ်ာတကိုလား။ ဟသ်ာတကို ဘာကြောင့် လိုက်မည်နည်း။ ဟသ်ာတ ဆိုသည်က မြို့ကြီးပြကြီး။

သူသည် ရထား ဆိုက်ထားရာဆီသို့ ပြန်ကြည့်၏။

လူတစ်အုပ်သည် ရထားဆီမှ ဘူတာဘက် လျှောက်လာနေကြသည်။ လူအုပ်ကြားတွင် လက်မှတ်စစ် အဝတ်အစားကို ဝတ်ထားသူတွေလည်း ပါ၏။ ပြည်သူ့ရဲတွေလည်း ပါ၏။

mgyoe.com

mgyoe.com

SAMPLE BOOK


သူသည် တုန်လှုပ်ချောက်ချားသွား၏။

ပြည်သူ့ရဲတွေ... ဘုရား...ဘုရား... ကံကောင်းလို့ပါတကား။

သူသည် မလုံသော စိတ်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။

သေးငယ်သော တောဘူတာရုံလေးရှေ့တွင် ခရီးသည် အနည်းအကျဉ်း ရှိသည်။ သို့ရာတွင် မည်သူကမျှ သူ့ကို ဂရုစိုက် မကြည့်ကြ။ အားလုံးသည် ဟိုမှ လာနေသော လူအုပ်ဆီ၌သာ အာရုံစိုက်နေကြဟန် တူသည်၊ သို့မဟုတ် လမ်းခုလတ် ၌ ဆိုက်နားထားသော ရထားကြီး အသက်ဝင်လှုပ်ရှား ဆိုက်ရောက်လာမည်ကို မျှော်နေကြဟန် တူသည်။

သူသည် ဘူတာဝင်းအပြင်သို့ ထွက်လိုက်ပြီး ကုက္ကိုပင်ကြီး တစ်ပင်၏ အောက်၌ သွားရပ်သည်။

မလှမ်းမကမ်းမှာက ကားလမ်း ဖြစ်သည်။ သည်ကားလမ်းက ဘယ်ဆီ ပြေးမည်နည်း။ နိဗ္ဗာန်ဘက်ကိုလား၊ အိုင်သပြုဘက်ကိုလား။

ကားလမ်းစောင်းတွင် သံပုံးသဏ္ဍာန် လေးထောင့်ကိုယ်ထည်နှင့် ဘတ်စ် ကားအိုကြီး တစ်စီးက ဆိုက်ထား၏။ သည်ဘတ်စ်ကားကြီးကကော ဘယ်ကို သွားမည်နည်း။

ဘူတာတွင်းသို့ ရထားကြီး ဝင်လာသံကို ကြားရသည်။ မကြာမီ ခရီးသည် အချို့ ဘူတာမှ ထွက်လာကြသည်။

ဘတ်စ်ကားဆီမှ စပယ်ယာက လှမ်းခေါ်သည်။

"အိုင်သပြုကို... အိုင်သပြုကို..."

ခရီးသည်တို့က ဘတ်စ်ကားပေါ် တက်ကြ၏။

ဝေခွဲမရသော စိတ်ဖြင့် သူက ဘတ်စ်ကားကြီးကို ငေးကြည့်နေသည်။

အဲသည် ဘတ်စ်ကားကြီးနှင့် အိုင်သပြု ဆိုသည်ဆီ လိုက်သွားရလျှင် ကော။ အိုင်သပြု ရောက်တော့ ဘာဆက်လုပ်မည်နည်း။

လေးမျက်နှာ။ သည်မြို့၏ အမည်က နား၌ ပြန်ပေါ်လာ၏။ အိုင်သပြု ကနေ မြစ်ကို ဆန်တက်တော့ လေးမျက်နှာ။ ချောင်ကျသော လေးမျက်နှာ၊ အစွန်ကျသော လေးမျက်နှာ။ မဲဇာ။

နောက်ထပ် ခရီးသည် မပေါ်လာတော့သည့် အဆုံးတွင် ဘတ်စ်ကား ကြီးက စတင် ရုန်းကန်လှုပ်ရှားသည်။

mgyoe.com

mgyoe.com


သည်တော့မှ သူက ကုတ္တိုပြင်ရိပ်မှ အငြေးလေး ထွက်လိုက်ပြီး ဘတ်စ်ကားပေါ် ခုန်တက်လိုက်၏။

♦

ကားလမ်းက ထင်သလောက် မဆိုး။ ကတ္တရာထူထူနှင့် ချောပြောင်နေ၏။ လမ်းက ကျဉ်းသည်သာ ရှိသည်။ ကားနှစ်စီး ဆုံသောအခါ အသည်းယားဖွယ် ရှိသည်။ သို့ရာတွင် ကားချင်း မကြာခဏ မဆုံ။ ကားသွား ကားလာ နည်းသည်။

ကားလမ်းသည် ပြန့်ပြောသော မြေပြင်ကို ဖြတ်ပြေးနေသည်။ ဝဲယာ တစ်ဖက်တစ်ချက်တွင် ရိတ်သိမ်းပြီးစ လယ်များကို တွေ့ရ၏။ တောစု တောတန်း လေးများကလည်း မကြာခဏ ပေါ်လာသည်။ နံနက် ကိုးနာရီကျော်ခန့် ရှိပြီ ဖြစ်သောကြောင့် နေသည် အတန်မြင့်လာ၏။ နေဝန်းကို ကား၏ အနောက်ဘက် မှာ တွေ့ရသည်။ ဩော်... ကားသည် အနောက်ဘက်ဆီ ယေဘုယျ ဦးတည် မောင်းနေ ဟန်တကား။

သူက မော်တော်ကားကြီး ဦးတည်မောင်းရာဆီ လှမ်းမျှော် ငေးကြည့် သည်။

ဟိုးအဝေးဆီမှာ တောင်တန်းပြာပြာကို လှမ်းမြင်ရသည်။

ရခိုင်ရိုးမ။ ရခိုင်ရိုးမပင် ဖြစ်ရမည်။ ရခိုင်ရိုးမ ဟူသည် တောင်တို့က မြင့်၍ တောတို့က နက်သည်။ သည်လိုပင် သူ မှတ်မိသည်။ သို့ရာတွင် သည်ကနေ ကြည့်တော့ စိမ်းစိမ်းပြာပြာ ဝေဝေရီရီနှင့် အမြင်အေးချမ်း၍ လှပင် လှလေသေး တော့သည်။

ဩော်... သည်ပတ်ဝန်းကျင်ကပင် လှသည် ထင်၏။ နေမြင့်လာသော် လည်း နှင်း၏ အရိပ်အငွေ့များကို ပြာပြာဝေဝေ တွေ့နိုင်သေးသည်။ တိုးဝင်လာ နေသော လေတွင် ဆောင်း၏ အအေးဓာတ်က ပါနေသည်။

မကြာခဏ ကားလမ်းနှင့် ကပ်ပါလာသော တောတန်းငယ်တို့၏ သစ်ပင် တို့ ထက်ဝယ် နွယ်တက်နေသော သပွတ်ပင်တို့ကို တွေ့ရသည်။ သပွတ်တို့က ပွင့်နေသည်။ ဝါဝါဝင်းဝင်း ပွင့်နေသည်။

သူ့စိတ်က လန်းဆန်းလာသည်။ လွတ်လည်း လွတ်လပ်လာသည်။ ဆူညံ ရှုပ်ထွေးသော မြို့ကြီးပြကြီးများမှ ဝေးရာဆီ ရှေးရှုနေကြောင်း ခံစားသိလာသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


တဖြည်းဖြည်းနှင့် တောင်တန်းပြာကြီးများသည် ရှုခင်းမှ မြုပ်နစ်ပျောက်ကွယ်သွားသည်။ သစ်ပင် တောစုနှင့် အိမ်ခြေ ရာခြေများကို လှမ်းမြင်ရသည်။

ကားသည် သံဆူးကြိုး ဝိုင်းထားသော စစ်တပ်နယ်မြေကြီး တစ်ခုကို လက်ယာဘက်၌ ထား၍ ကျော်ဖြတ်လာ၏။

သူက မျက်မှောင် မသိမသာ တွန့်ပြီး တပ်ဝင်းကြီးကို ကြည့်သည်။

ဆိုင်းဘုတ်တွင် ရေးထားချက်အရ တပ်မကြီး-၈၈ လက်အောက်ခံ တပ်ရင်း တစ်ရင်း ဖြစ်ကြောင်း သိရသည်။

သူသည် အနည်းငယ် အံ့သြသွားသည်။ ရင်လည်း အနည်းငယ် ခုန်မိသည်။ ခေါင်သည်ဟု ဆိုသော နေရာတွင် စစ်တပ်ကြီးတစ်ခု ရှိနေသည်တကား။

ကားသည် အတန်ကြာ ဆက်သွားပြီးမှ မြို့ငယ်တစ်ခုတွင်း စတင်ဝင်သည်။

မကြာမီ ကားသည် ထိုးရပ်သွား၏။ လမ်းကလည်း ရုတ်တရက် အဆုံးသတ်သွားသည်။ အိုင်သပြုကို ရောက်ပြီတည်း။

ကားလမ်းဆုံးသည် မြစ်ကမ်းပါးကြီး ဖြစ်ကြောင်း ချက်ချင်း သူ သိသည်။

မြစ်ကမ်းပါးတွင် သွားရပ်သော သူသည် ရှုခင်းကို ရင်သပ်မိတော့မည် တမျှ ငေးမော အံ့သြမိသည်။

မြစ်သည် သာမန်မြစ်နှင့် မတူ။ ကမ္ဘာမြေပြင်ကို နှစ်ခြမ်းခွဲထားသော ချောက်ကြီးနှင့် တူသည်။

ဟိုးဘက်ကမ်းမှာလည်း ထင်ရှားမြင့်မားသော ကမ်းပါးကြီး။ သည်ဘက်ကမ်းမှာလည်း နက်စောက် မြင့်ခေါင်သော ကမ်းပါးကြီး။

ကမ်းထက်မှ နေ၍ မြစ်ရေကို လှမ်းကြည့်ရသည်မှာ တောင်ထိပ်မှ နေ၍ တောင်ခြေရှိ မြစ်ငယ်တစ်ခုကို ငုံ့ကြည့်ရသည်နှင့် တူလှသည်။

ကမ်းပါးကြီး နှစ်ခုကြား အောက်အနိမ့်ရှိ မြစ်သည် ကျဉ်းသယောင် ရှိသည်။ မြစ်ရေသည် ကြည်လင်စိမ်းမြ၍ ငြိမ်သက်သယောင်လည်း ရှိသည်။ မောပန်းနွမ်းနယ်သူကို ဖိတ်ခေါ်နေသယောင်လည်း ရှိ၏။

သူသည် ကားလမ်းကို ပြန်ကြည့်၏။ ကားလမ်းက တုံးတိကြီး ပြတ်နေသည်။ နှုတ်ဆက်သယောင်လည်း ဖြစ်နေသည်။ တစ်စုံတစ်ရာ သဘောနှင့် ဆက်နွယ်ခဲ့သော သက်ခင်သည် အဆုံးသတ် ငြိမ်းချုပ်သွားသယောင်လည်း ရှိသည်။

mgyoe.com

mgyoe.com

သက်ပြင်းရှိုက်လိုက်ပြီး သူက အောက်ဆီသို့ တစ်ချီငုံ့ကြည့်ပြန်သည်။

ဟိုးအနိမ့်ထဲရှိ ရေစပ်မှာ လှေလေးများလည်း ရှိသည်။ မော်တော်လေး များလည်း ရှိ၏။

ခရီးသည်အချို့သည် ကွေ့ကောက်သော လမ်းအတိုင်း ချောက်ကမ်းပါး ကြီး အောက်ခြေသို့ ဆင်းနေကြသည်။

စိတ် တုံးတုံးချပြီး သူလည်း လိုက်ဆင်း၏။

'ရွှေဟင်္သာ' ဟု အမည်ရေးထားသော မော်တော်၊ သို့မဟုတ် စက်တပ် ထားသော လှေလေးပေါ်သို့ ခရီးသည်တို့ တက်နေကြသည်။

သူလည်း ဘာမျှမမေးစမ်းတော့ဘဲ မော်တော်လေးပေါ် တက်လိုက်၏။

သူငယ်တစ်ဦးက မော်တော်ကို စက်နှိုးသောအခါ စက်ကို သူက သေသေ ချာချာ ကြည့်မိ၏။

စက်မှာက 'ကူဗိုတာ' ဟု ရေးထားသည်။

သူက မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ကူဗိုတာ... ကူဗိုတာ။ သည် အမည်ကို ကြားဖူးသည်။ ဘာပါလိမ့်။ ဪ... ရေစုပ်စက်။ ရေစုပ်စက်သည် မော်တော်စက်လည်း ဖြစ်လေသည်တကား။

မော်တော်က စထွက်၏။ သည်တော့မှ ရှေ့နောက်ကို သူကြည့်သည်။ သူ ခွာခဲ့သော ကမ်းပါးကြီးက အောက်ကနေ ကြည့်မှ ပိုမြင့်နေသည်။ မှိုင်းမှိုင်း ညို့ညို့လည်း ရှိသည်။

ဟိုးရှေ့ဆီမှာကား မြစ်ရေက စိမ်းမြ ကြည်လင်နေသည်။ တစ်ဖက် တစ်ချက်ရှိ ကမ်းပါးကြီးများက ကမ်းပါးဖြူကြီးများ ဖြစ်ကြသည်။ အချို့နေရာ တွင် ကမ်းပါးက ဆင်ခြေလျှောကဲ့သို့ ပြေပြီး စိုက်ခင်းများ ရှိသည်။ ဘာပင်တွေ မှန်းတော့ မသိ။ သဲမြေဖြူဖြူမှ မြပင် ပုပုလေးများ။

ခရီးဆုံးကိုတော့ သူ လှမ်းမမြင်။ မဆုံးနိုင်သော မြစ်ရေ၊ မဆုံးနိုင်သော ကမ်းပါးဖြူများ။

သူသည် ထိတ်လန့်သယောင် ဖြစ်ပြီး သူ့ကိုယ်သူ မသိမသာ ပြန်စမ်း ကြည့်မိ၏။

အကယ်ပင် ခရီးသွားနေသည်လော။ ဘဝပင် ကူးနေသည်လော။

ဘဝကူးသည်ဆိုသည်မှာ ကမ်းတစ်ဖက်မှ ခွာပြီး အခြားကမ်းတစ်ဖက်ဆီ

mgyoe.com

mgyoe.com SAMPLE BOOK

သွားရသည်ဟု ငယ်ငယ်က ကြားဖူးသည်။ ဪ… ကူးသည့်အခါမှာလည်း ကူးတို့လေးနှင့် ကူးရသည် ဆို၏။

မိမိသည် ဘဝကူးနေသည်လော။

သူသည် နောက်သို့ ပြန်ကြည့်ပြန်သည်။

ကမ်းပါးကြီးက မှိုင်းညိုနေသည်။ အဲသည်ထိပ်မှာက မမြင်ရတော့ပြီဖြစ်သော တုံးတုံးတိတိ ပြတ်နေသော လမ်း။ အဲသည်ရဲ့နောက် ဟိုမှာဘက် ဟိုး… အဝေးမှာက မှိုင်းညိုသော တံတိုင်းကြီး။ ပြီးတော့ ကြောက်ဖွယ်သော အခန်းကျဉ်းကလေး။

သူသည် မျက်စိများကို ပိတ်ထားလိုက်၏။

မော်တော်စက်သံက သူ့နားတွင် မှန်မှန်လေး ပေါ်လာနေသည်။

သူ့ရင်ခုန်နှုန်းက မော်တော်စက်သံကဲ့သို့ မှန်ကန်တည်ငြိမ်လာမှ မျက်လုံးများကို သူ ပြန်ဖွင့်လိုက်သည်။

ရှေ့ဆီမှာ ကမ်းပါးဖြူကြီးများက လှမြဲ လှနေသည်။ မြင့်မြဲ မြင့်နေသည်။ ဝိုက်ကွေ့သော မြစ်သည် လူသူဝေးရာ တစ်နေရာရာဆီ ရှေးရှုဝင်သွားသယောင်ရှိသည်။

အဲသည်ဆီမှာတော့ လှပခြင်း၊ အဲသည်ဆီမှာတော့ သာယာခြင်း၊ ပြီးတော့ လွတ်လပ်ခြင်း။

မှန်သည်။ မိမိက ဘဝကူးနေသည်။ လွတ်မြောက်ခြင်းအတွက် ဘဝကူးနေသည်။ ဘဝကူးသည် ဆိုသည်မှာ သည်အဓိပ္ပာယ်အပြင် အခြား ဘာဖြစ်နိုင်ပါသနည်း။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

မပြေတတ်သေးသော ဒေါသကြောင့် မသင်းနု၏ ရင်မှာ မြင့်ချည် နိမ့်ချည် ဖြစ်နေ၏။

တကယ်တော့ ပြီးတာသည် ပြီးလိုက်ဖို့ ကောင်း၏။ ကိစ္စကလည်း ကြီးကျယ်လှသည် မဟုတ်။ စကားရည်လုပွဲ ဟူသည်မှာ သည်လိုပင် တစ်ဖက်နှင့် တစ်ဖက် ပုတ်ခတ်မြဲ ဖြစ်သည်။ စင်မြင့်ပေါ် တက်ပြီးမှ အရေမထူတော့ မိမိသာ နသေးရာ ကျမည်။ အောင်ငြိမ်း တစ်ကောင်ကတော့ စပ်ဖြဖြပင် ရှိနေမည်။ စင်မြင့်ပေါ်တုန်းကလည်း စပ်ဖြဖြ။ အောက်ကျတော့လည်း စပ်ဖြဖြ။ ယခုနေ ပြန်တွေ့လျှင်လည်း စပ်ဖြဖြ လုပ်နေဦးမည်။

သူ ပြောသော စကားတွေထက် သူ့ သည်စပ်ဖြဖြမျက်နှာက ပိုဒေါသထွက်ဖို့ ကောင်းသည်။ သူငယ်ချင်းချင်း သည်လို လုပ်စရာလား။ သည်လိုကော ပြောစရာလား။

အရေမထူ၊ နသည်ဟု အပြောခံရမည် စိုးသောကြောင့် စင်မြင့်ပေါ်တုန်းက မသင်းနုသည် အပြုံးမပျက် ဟန်ဆောင်နေခဲ့ရသည်။ စင်အောက် ရောက်ပြန်တော့လည်း ကျောင်းအုပ်ဆရာကြီး၊ ပါတီယူနစ်ဥက္ကဋ္ဌ၊ မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်လမ်းစဉ် လူငယ်အတွင်းရေးမှူး စသော လူကြီးတွေ ရှေ့မှာ ဖြစ်သောကြောင့် မသင်းနုသည် ဘာမှမဖြစ်သယောင် ပြုံးပြုံးလေး နေခဲ့ရသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မိမိရင်တွင်း ဘာဖြစ်နေသည်ကိုတော့ ခွေးကောင် အောင်ငြိမ်း ရိပ်မိပုံ ရသည်။ ထို့ကြောင့် စပ်ဖြဖြနှင့်။ သူ့ သွားခေါကြီး ပေါ်အောင် စပ်ဖြဖြနှင့်။

ဟိုမှာ အောင့်လာခဲ့ရသောကြောင့် အိမ်ရောက်မှ ဒေါသက ပိုပြင်းလာသည်။

တော်ပြီ။ နောင်ကို စကားရည်လုပွဲ မပြောပြီ။ စင်မြင့်ပေါ်မှာ လူပုံအလယ်မှာ သည်လို အစော်ကားခံရစတမ်းဆို ဘယ်တော့မှ စကားရည်လုပွဲ မပြောပြီ။

သည်လို ဘောင်လွတ်ပြီး နှံကြစတမ်း ဆိုလျှင် စင်မြင့်ပေါ်မှာ မိမိတို့ မိန်းကလေးများသည် တစ်ပန်းရှုံးပြီးသား ဖြစ်နေ၏။ အောက်က ပရိသတ်ထဲမှ ကောင်လေးတွေကလည်း ဘက်လိုက်သည်။ ဘယ်လောက် အချက်အလက်ကျကျ မိန်းကလေးပြောလျှင် မထောက်ခံ။ အားမပေး။ သူတို့ယောကျ်ားလေးချင်းကျတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် လက်ခုပ် ဝိုင်းတီးပေးသည်။

သည်ကြားထဲ မိမိတို့ အချေဘက်က ရှုံးသေးသည်။ ရှုံးမည်ပေါ့။ ခေါင်းစဉ်ကလည်း အဆိုဘက်မှ တစ်ဖက်သတ် စီးနေသည်။ အချိန်အခါက စာဆိုတော်နေ့။ အဆိုက စာပေကောင်းကြောင်းဘက်မှ။ အချေက ရုပ်ရှင်ကောင်းကြောင်းဘက်က။ တာဝန်အရသာ ဝင်ပြောရသည်။ စကတည်းက ကိုယ် ရပ်တည်ရသည့်ဘက်ကို ကိုယ်က မယုံကြည်။ ရုပ်ရှင်အနုပညာကို မယုံကြည်ခြင်း မဟုတ်၊ ရုပ်ရှင်အနုပညာသည် တန်ခိုးသြဇာ ကြီးမားသော လက်နက် ဖြစ်သည်။ သည်ဟာကိုတော့ ယုံသည်။ မယုံသည်က သည်ခေါင်းစဉ်မျိုးဖြင့် အနုပညာနှစ်ရပ်ကို ယှဉ်ပြိုင်နှိုင်းထိုက်၊ မထိုက် ဟူသည်သာ ဖြစ်၏။

မသင်းနုသည် ပူနေသော ရင်ကို သက်သာစေရန် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

အိမ်၏ နောက်ဖေးဘက် ခြံတွင်းမှာက အရိပ်အာဝါသတို့ကြောင့် အေးနေသည်။ မသင်းနု ရပ်နေသော မာလကာ–သြဇာပင်အောက်တွင် အရိပ်ကောင်းသောကြောင့် ပိုအေးမြသည်။ ဒန့်သလွန်ပင်တို့၏ နုသော အစိမ်းရောင်ရွက်တို့က အမြင်အေးသည်။ ပွင့်ဖြူလေးတွေက အစိမ်းနုရောင် နောက်ခံကြောင့် ပိုမို သန့်စင်ဖွေးဆွတ်နေ၏။

မသင်းနု၏ မျက်လုံးများက ဟိုးအဝေး အနောက်ဘက်ဆီ ရောက်သွားသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကိုင်းတောကြီးက မျက်စိတစ်ဆုံးမျှ ကျယ်သည်။ သည်နောက်မှာတော့ တောင်စွယ် တောတန်းများ။ အဲသည်နောက်မှာတော့ ပြာရီဝေမှောင်သော တောင်တန်းများ။

ဆောင်း၏နေက ကျစပြုနေပြီ၊ ဆောင်းမှာဆိုတော့ နေ့တာက တိုသည်၊ ငါးနာရီကျော်လျှင် နေဝင်မည်။ နေဝင့်ချိန် နီးလျှင် ရောင်မျိုးတွေ့ မတောက်လှစေ၊ တတ်နိုင်သမျှ အရောင်စုံ၍ လှဦးမည်။

မသင်းနုသည် မိမိ၏ ဆရာတစ်ဦး အမိန့်ရှိခဲ့သည်ကို သွားသတိရ၏။

လူတွေကို စိတ်ပျက်လျှင် သဘာဝကို ကြည့်ပါ။ သဘာဝသည် အမြဲတမ်း လှပသော ပန်းချီမျက်နှာ တစ်ခုခုဖြင့် ပြုံးပြနေတတ်သည်။

ဒေါသပြေစ မသင်းနု၏ ရင်တွင် ချင်ခြင်းတစ်ရပ် ပေါ်လာသည်။

ပန်းချီ....စင်မြင့်ပေါ် တက်ပြီး ဒေါသထွက်ရမည့်အစား ဟောသည် ခြံတွင်းမှာ အေးအေးဆေးဆေး ပန်းချီ ဆွဲနေရလျှင်...။

အနောက်ပါးမှ ခြေသံ ကြားရ၏။ လှည့်ကြည့်လိုက်သောအခါ အောင်ငြိမ်း၏ စပ်ဖြဲဖြဲ မျက်နှာကြီးကို တွေ့ရသည်။

မသင်းနု၏ရင်မှ ဒေါသ ပြန်ပေါ်လာသည်၊ ပါးနုနုများတွင်လည်း သွေးရောင်လျှမ်းသွား၏။

အောင်ငြိမ်းကတော့ စပ်ဖြဲဖြဲနှင့်ပင် အနီးသို့ ကပ်လာ၏။

"ရွှေမင်းသမီးလေး ဒေါသမပြေသေးဘူး မဟုတ်လား"

"နင် ငါ့ကို ရွှေမင်းသမီးလို့ မခေါ်နဲ့"

"ဟယ်... ငါ အစကတည်းက ခေါ်တာပဲ မဟုတ်လား"

"နင် အခုခေါ်တာက အဓိပ္ပာယ်တစ်မျိုးပါ၊ ငါ သိတယ်"

အောင်ငြိမ်းသည် သဘောကျဟန်ဖြင့် တဟဲဟဲ ရယ်နေ၏။

"နင့် သွားခေါ်ကြီး ဖြဲပြမနေနဲ့၊ နင့်ကို ငါ မုန်းတယ်"

"ဒေါသကြီးလိုက်တာ၊ တက္ကသိုလ်ကျောင်းတော်သူကြီးကလဲ... ကျွန်တော်လေး ဟိုက်စကူးကျောင်းသား မလိမ်မိုး မလိမ္မာကို..."

"တော်ပါ၊ နင် ငါ့ထက် အသက်ကြီးပါတယ်"

"ဒါပေမဲ့ ဝါငယ်တယ် မဟုတ်လား၊ နင်က သည်းခံရမှာပေါ့"

"မဟုတ်တာ ပြောတာ သည်းခံရမလား"

mgyoe.com

mgyoe.com


"ငါ ဘာမဟုတ်တာ ပြောလို့လဲ"

"စိတ္တဇဝတ္ထုတွေ ဖတ်ပြီး စိတ္တဇရောဂါ ရနေသလေး ဘာလေး ဆိုတာလေ"

"စိတ္တဇရောဂါ ရနေတယ်လို့ ငါ မပြောပါဘူးဟာ၊ ငါ ပြောတာက နင်က စာပေကို စင်မြင့်ပေါ်မှာသာ အတိုက်အခံ လုပ်နေတယ်၊ အိမ်ကျတော့ စိတ္တဇဝတ္ထုတွေကို လက်ထဲက မချဘူး၊ ဒါကြောင့် စိတ္တဇဆန်သော အတွေးအခေါ် အမြင် လွှမ်းမိုးနေတယ်၊ အဲဒီလိုပါ။ စကားရည်လုပွဲမှာ ဒီလောက်တော့ ပြောရတာပေါ့"

"အဲ... ဒါ ထားပါတော့၊ ဘာဖြစ်လို့ လူကို ရုပ်ရှင်မင်းသမီးနဲ့ တူသလေး၊ ဘွဲ့မရခင် ကျောင်းက ထွက်ပြီး ဓာတ်လိုက်မင်းသမီး ထွက်လုပ်ဖို့ ကောင်းတယ်၊ ဘာတယ်နဲ့ ဘာလို့ ပါဆင်နယ်လ်အတက်ခ် လုပ်ရသလဲ"

"အဲဒါကတော့ ငါ သွေးပူပူနဲ့ လျှာထဲ အာထဲတွေ့တာ စွတ်ပြောမိတာ၊ ပြီးတော့လဲ အဟဲ... နင်က တကယ် တူတာ"

"ဘာတူတာလဲ"

"ရုပ်ရှင်မင်းသမီးနဲ့လေ"

"နင်နော်..."

"ရုပ်ရှင်မင်းသမီးနဲ့ တူတယ် ဆိုလို့ နင်က ဘာနာစရာ ရှိလို့လဲ"

"ဒီမှာ နင် စကားမလှည့်နဲ့၊ ငါ အနုပညာကို အသင့်အတင့် နားလည်တယ်။ ရုပ်ရှင်မင်းသမီးကိုလဲ အနုပညာရှင်အနေနဲ့ ငါ လေးစားတယ်၊ ရိုးရိုးဆို ငါ ဘာမှ မနာဘူး၊ နင် ပြောပုံက အဓိပ္ပာယ် တစ်မျိုးနဲ့၊ ငါ မသိဘူး မှတ်လား"

"ငါ ရိုးရိုး တကယ်ပြောတာပါဟာ၊ နင်က ရုပ်ကလဲ ချောတယ်၊ ပြောပုံဆိုပုံ အမူအရာကလဲ ကောင်းတယ်၊ ငါက ဂုဏ်ပြု ပြောတာပါ"

"တော်ပါ၊ နင် စကားတတ်တိုင်း လှည့်တာ"

မသင်းနု၏ လေသံမှာ မမာလှတော့။ မျက်နှာလေးတွင်လည်း ပြုံးရိပ် ငွေ့ငွေ့ ပေါ်လာသည်။

"တကယ် ပြောတာပါဟယ်၊ ပြီးတော့ နင် စိတ်ဆိုးသွားမှန်း သိလို့ တောင်းပန်ဖို့ ငါ လိုက်လာတာ၊ ငါလဲ ခံရတာပါပဲဟာ။ နင်ကသာ ဘောင်ထဲက ပြောတာ၊ နင်တို့ဘက်က မလှစိန်က ငါ့တွယ်သွားတာများ ပေါက်ခေါ် တဲ့၊ ငို၍ရယ်၍ မရသော မျက်နှာနဲ့ ကိုခကြွေး တဲ့၊ သေရောဟာ"

mgyoe.com

mgyoe.com


သည်တစ်ကြိမ်တော့ မသင်းနုသည် ရယ်၏။ မိမိတို့ဘက်မှ မလှစိန်ကလည်း လျှာစောင်း အာစောင်း ထက်၏။ စင်မြင့်ပေါ်တွင်မက အောက်မှာလည်း သဘာဝအတိုင်း လျှာစောင်း အာစောင်း ထက်၏။

ရယ်ရင်းက မသင်းနုသည် အောင်ငြိမ်းကို ကြည့်သည်။

အောင်ငြိမ်းက အသက် ဆယ့်ကိုးနှစ်ခန့် ရှိပြီ။ အသားက ညို၏။ သွားက အနည်းငယ်လေး ခေါသည်။ မျက်လုံးများက ကြည်လင်တောက်ပပြီး မျက်ခုံးကောင်းသည်။ လူချောတစ်ယောက်ဟု မခေါ်နိုင်သော်လည်း အရုပ်ဆိုးလွန်းလှသည် မဟုတ်။ ချောမောခြင်းဘက်မှ အားနည်းသည်ကို ရိုးသား တည်ကြည်မှုက ဖြည့်ပေးထားသော မျက်နှာရှိသည်။ ဘိုကေပါးပါးနှင့် ဖြစ်သောကြောင့် ရန်ကုန်တွင် တွေ့ရသော ညှဉ်းသိုးသိုး ဆံရှည်ကိုယ်တော်များထက် ရုပ်သွင် ပိုမိုကြည်လင်သန့်စင်သည်။

အောင်ငြိမ်းကလည်း မသင်းနုကို ပြန်ကြည့်သည်။

ချောမောနုနယ်သော မျက်နှာလေးတွင် ဒေါသရိပ်ကို မတွေ့ရတော့။

"ဒါထက် နင် ပန်းချီ မဆွဲတော့ဘူးလား၊ နင့်အမေက နင် ခြံထဲမှာ ဆိုလို့ ပန်းချီများ ဆွဲနေသလားလို့"

"နင် မလာခင်လေးကတင် ပန်းချီဆွဲရမလားလို့ ငါ စိတ်ကူးပေါက်သေးတယ်"

"ဆွဲလေ... ဘာလို့ မဆွဲလဲ၊ နင့်ကို ငါ လာနှောင့်ယှက်မိနေသလား"

"အို... မဆွဲတော့ပါဘူး၊ အချိန်လဲ မရှိတော့ဘူး၊ ပြီးတော့ ပန်းချီ ဆွဲရမလားလို့ စိတ်ကူးပေါက်တာက ပန်းချီ ဆွဲချင်လို့ မဟုတ်ဘူး"

"ပန်းချီ ဆွဲမယ်လို့ စိတ်ကူးပေါက်တာက ပန်းချီဆွဲချင်လို့ မဟုတ်ဘူး၊ နင့်စကားက အဆန်းပဲ"

"မဆန်းပါဘူး၊ သဘာဝလေး တစ်ခုပါ"

"ဘယ်လို သဘာဝလေးလဲ"

"လူနဲ့ ပတ်သက်တဲ့ ဒေါသနယ်က လွတ်အောင် သဘာဝရဲ့ အလှနယ်ဆီ ထွက်ပြေးမလို့"

အောင်ငြိမ်းက အော်ရယ်၏။

"နင် ဘာရယ်တာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"နင့်စကားက စိတ္တဇဆန်လို့၊ စိတ္တဇဆန်တယ်လို့ ငါပြောတော့လဲ နင် မကြိုက်ဘူး"

"စိတ္တဇ ဆိုတဲ့ စကားကို နင် ဘယ်အဓိပ္ပာယ်နဲ့ သုံးတာလဲ၊ စိတ် ဆိုတာ ကိုကော နင်က ဘယ်လောက် နားလည်လို့လဲ"

"အို... ဟို ဟို....၊ နင်နဲ့ငါ ရန်ထပ်ဖြစ်ဖို့ လာတာ မဟုတ်ဘူး၊ ပြီးတော့ နင့်လို တက္ကသိုလ်မှာ စိတ်ပညာယူတဲ့ ကျောင်းသူတစ်ဦး မဟုတ်တော့ စိတ် အကြောင်း ငါ မပြောတတ်ပါဘူး တဲ့ဟယ်"

"မပြောတတ်ရင် မပြောနဲ့ပေါ့၊ ကိုယ် အနက်အဓိပ္ပာယ် မဖွင့်နိုင်တဲ့ စကား တစ်လုံးကိုလဲ အရမ်းမသုံးနဲ့"

အောင်ငြိမ်းသည် စပ်ဖြဖြတော့ လုပ်မပြ။ ပြုံးစိစိတော့ လုပ်နေသည်။ မသင်းနုနှင့် အပြိုင်ငြင်းရန် စကားလုံးတွေ သူ့မှာ ရှိသည်။ သို့ရာတွင် မသင်းနု စိတ်ဆိုးအောင် သူ ထပ်မလုပ်ချင်။ သူ လာခဲ့သည်မှာလည်း ဆိုးနေသော စိတ်ကို ဖြေရန်သာ ဖြစ်သည်။

"ကောင်းပါပြီဗျာ၊ မသုံးတော့ပါဘူး၊ ဩော်... ငါ ဈေးဘက် ရောက်လို့ ကိုစိန်လှိုင့် ဆိုင် ဝင်ခဲ့သေးတယ်။ နင် မှာထားတဲ့ အဲ... ဟို... နောက်ဆုံးထုတ်တဲ့ စိတ္တဇဝတ္ထု ရောက်ပြီ တဲ့၊ ငါ ယူသွားမယ် ဆိုတာ သူက မယုံသလိုပဲ၊ မပေးလိုက် ဘူး"

မသင်းနု၏ မျက်လုံးများရော မျက်နှာလေးပါ ဝင်းထိန် ကြည်ရွှင်သွား၏။

"စာအုပ် ရောက်ပြီတဲ့... ဟုတ်လား၊ နင် စောစောက ပြောရောပေါ့ဟယ်"

"အခုလဲ နောက်မကျပါဘူး၊ အချိန်ရှိပါသေးတယ်"

မသင်းနုနှင့် အောင်ငြိမ်းတို့သည် အိမ်ပေါ် ပြန်တက်ပြီး အိမ်ရှေ့ဘက် သို့ ထွက်လာခဲ့ကြသည်။

လမ်းမပေါ် အရောက်တွင် မသင်းနုက မေး၏။

"နင်ကော ဈေးဘက် လိုက်ဦးမလား"

"ဟင့်အင်း... ငါ အိမ်ပြန်တော့မယ်၊ မနက်ကတည်းက အိမ်မကပ်လို့ အမေ ဆူနေဦးမယ်"

"အေး... ဒါဖြင့်လဲ သွားတော့၊ နင် လာပြောတာ ကျေးဇူးတင်ပါတယ် ဟယ်"

mgyoe.com

မသင်းနုသည် လမ်းအတိုင်း တောင်ဘက်သို့ ထွက်လာခဲ့၏။

အောင်ငြိမ်းက မြောက်ဘက်သို့ လျှောက်လာသည်။ သုံးလေးအိမ် ကျော်မိသောအခါ နှုတ်ဆက်သံ ကြားရ၏။

"ဘယ်လိုလဲ၊ လူကိုတောင် မမြင်ဘဲ ဘာတွေ ဝီတီကျလာတာလဲ"

အောင်ငြိမ်းက မော့ကြည့်၏။ လမ်းအနောက်ဘက် အိမ်တစ်လုံးရှေ့ သနပ်ပင်ရိပ်မှာ မိန်းမပျိုတစ်ဦးကို တွေ့ရ၏။

"အာ... လှစိန်"

မလှစိန်မှာလည်း အောင်ငြိမ်းနှင့် ရွယ်တူခန့် ဖြစ်၏။ အသားက ညိုသည်။ ခန္ဓာကိုယ်က ပြည့်ပြည့်ဝဝ ဖြစ်ပြီး အရပ်ပုသည်။ နှာခေါင်းပြားပြား၊ မျက်လုံးပြူးပြူးနှင့် သွက်လက် ရဲရင့်သော မျက်နှာထား ရှိ၏။

"ဘယ်လိုလဲ၊ လူမိတာ နာသွားသလား၊ ဟုတ်လား"

"ဟာ... လှစိန်၊ နင် ဘာစွပ်စွဲနေတာလဲ"

"စွပ်စွဲတာ မဟုတ်ပေါင်တော်၊ မျက်လုံးနဲ့ မြင်ရတာ၊ ရွှေမင်းသမီးလေးကို သွားချော့ခဲ့ပြီးပြီ မဟုတ်လား"

"မဟုတ်တာ ပြောရော့မယ်၊ စိတ်ဆိုးသွားမှန်း သိလို့ သွားတောင်းပန်တာ"

"အေးလေ... အဲဒါ သွားချော့တာပဲ မဟုတ်လား"

"မနောက်ပါနဲ့ လှစိန်ရာ၊ သူငယ်ချင်းချင်း မျက်နှာ မကြည့်ရဲအောင်"

"ဩော်... သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်ပေါ့၊ အဟဲ... ဟုတ်လား"

"တော်ပြီ လှစိန်၊ နင့်တော့ ငါ ကြောက်ပါတယ်၊ အဟုတ်"

အောင်ငြိမ်းက ထွက်ပြေးသည်။ လှစိန်က သဘောကျဟန် ရယ်ကျန်ရစ်၏။

◆

တစ်နေ့လယ်နှင့် တစ်ညနေ လျှောက်လိုက်တော့ တစ်မြို့လုံး ကုန်အောင် နှံ့သည်။

မြို့...။ အင်း... ဟင်း... ရွာ မဟုတ်တော့ မြို့ပေါ့။ သို့ရာတွင် တစ်မြို့လုံးမှ တစ်လမ်းတည်း ရှိသည်။ ထိုတစ်လမ်းမှာလည်း ဆိုက်ကားတစ်စီး သွားသာရုံ

mgyoe.com

mgyoe.com

SAMPLE BOOK


ကျယ်သည်။ ကတ္တရာလမ်းလည်း မဟုတ်။ တာရိုးရှည်တစ်ခုသာ ဖြစ်သည်။ တာရိုးပေါ်တွင် တတ်နိုင်သမျှ အမာခံ၍ လမ်းလုပ်ထားသည်။ တာရိုး၏ တစ်ဖက် တစ်ချက်မှာက မြေနိမ့် ဖြစ်သည်။ အိမ်တို့က တာရိုးတစ်လျှောက် မြေနိမ့်မှာ ဆောက်ထားလေသည်။

တာရိုးအတိုင်း သူက လျှောက်လာသည်။ တစ်နေ့လုံး ခရီးချည်း သွားလာခဲ့ရသည်မို့ သူ့ခြေထောက်များက ညောင်းညာနေကာ တစ်ကိုယ်လုံး နွမ်းနယ်နေသည်။ ဩော်... အရေးထဲ ဗိုက်က ဆာလာပြန်ပြီ။

ဆာလည်း ဆာထိုက်ပြီ။ နံနက်ကတည်းက ယခုအချိန်အထိ ဘာမျှ မစားရသေး။

ဆာပါသည် ဆိုမှ ဈေးအနီး ရောက်လာသည်။ ညှော်နံ့သင်းနံ့များက သူ့နှာခေါင်းကို ချူဆော့လာ၏။

မတတ်နိုင်။ တစ်နပ်သော ထမင်းကိုတော့ စားရမည်။ ထမင်းတစ်နပ်မှ မစားရလျှင်တော့ ဘဝမှာ ရှင်သန်ရခြင်းသည် ဘာအဓိပ္ပာယ် ရှိတော့မည်နည်း။ ဘဝမှာကော ဘယ်လိုလုပ်၍ ရှင်သန်နေနိုင်ပါမည်နည်း။

တာရိုးဘေးရှိ ထမင်းဆိုင်ငယ် တစ်ခုအနီးသို့ သူ ချဉ်းကပ်လိုက်သည်။ ချီတုံချတုံ ဖြစ်နေသော စိတ်ကြောင့် ချဉ်းကပ်ရုံ ကပ်သည်။ ဝင်တော့ မထိုင်သေး။ ထမင်းတစ်ပွဲကို ဘယ်လောက်များ တောင်းမည်နည်း။

ထမင်းဆိုင်နှင့် ကပ်လျက်က စာအုပ်ဆိုင်လေး တစ်ဆိုင် ရှိသည်။

သူ ငြိမ်ရပ်နေစဉ် မိန်းမပျိုလေး တစ်ဦးက စာအုပ်ဆိုင်တွင်း ဝင်လာသည်။

အသက်က ဆယ့်ရှစ်နှစ်ခန့် ရှိမည်။ လည်တိုင်လေးက သွယ်၍ ရှင်းသည်။ ကိုယ်လေးကလည်း သွယ်သွယ်ကြော့၍ ရှင်းသည်။ အင်္ကျီဖြူ ထဘီဝါလေးနှင့် ဆိုတော့ ဝါဝင်းတင့်တယ်သည်။ ဩော်... ကလေးမ၏ အသားလေးများ ကလည်း ဝါဝင်းရွှန်းစိုသည်။

လှ၏။ အင်း... အဲသည်တော့... စိတ်တွင်းမှာ သူ့ကိုယ်သူ ပြုံးမိသည်။ လှတော့ ဘာဖြစ်သနည်း။ လှခြင်းကို မြင်ရ၍ ထမင်းအဆာပြေရင် ကောင်းလေ သား။ ယခုတော့ မပြေပါ။ ဝမ်းတွင်းက ကြုတ်ကြုတ်မြည်နေသည်။

စာအုပ်ဆိုင်ရှင်က ကလေးမကို နှုတ်ဆက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟော… မသင်းနု စာအုပ် ရောက်နေပြီ၊ အောင်ငြိမ်းက မပြောဘူးလား"

"ပြောတယ်၊ သိသိချင်း အခု လာခဲ့တာပဲ"

"လာ လာ ထိုင်… မသင်းနု၊ ကျွန်တော် စာအုပ် ထုတ်ယူလိုက်ဦးမယ်"

မသင်းနုသည် ခွေးခြေလေး တစ်ခုပေါ်တွင် ထိုင်သည်။

မသင်းနု၏ မျက်လုံးလေးများက သူ့ထံ ရောက်သွားသည်။

ပထမတော့ မသင်းနု၏ ရင်လေးမှာ ဖို၍ ထိတ်သွားသည်။

ရုပ်နေပုံက မတုန်မလှုပ်နှင့်။ မျက်လုံးများကလည်း မမှိတ်မသုန်ဘဲ မိမိကို စိုက်ကြည့်နေသည်။ ဆီလည်း မရှိ၊ ဖြီးလိမ်းထားပုံလည်း မရှိသော ခေါင်းမှ ဆံပင်တို့က သူ့နဖူးပေါ်သို့ ခပ်ရိုင်းရိုင်း ဝဲကျနေသည်။ အသားကတော့ အတန် ဖြူဝင်းသည်။ သို့ရာတွင် မျက်နှာမှာ ကြမ်းတမ်းသော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများ လွှမ်းနေသည်။

သည်ဟန် သည်အသွင်ကြောင့် ပထမသော် မသင်းနုမှာ ထိတ်လန့်သွားသော်လည်း ခဏဌမျှ ခံစားမှု ပြောင်းသွား၏။

သူ့အဝတ်အစားများက နွမ်းနယ်လှ၏။ နွမ်းနယ်ရုံမက မလဲသည်မှာ ကြာဟန်နှင့် ညိုညစ်နေသည်။ အထူးသဖြင့်က သူ့မျက်လုံးများ။ သူ့မျက်လုံးများက ပျော့ပျောင်းသည်။ ရိရိဝေဝေ ဆွေးဆွေးမြည့်မြည့်လည်း နိုင်သည်။

မသင်းနုက သူ့ကို ပြန်စူးစိုက်ကြည့်သည်ကို တွေ့ရသောအခါ သူက မျက်နှာလွှဲလိုက်ပြီး ထမင်းဆိုင်တွင်းသို့ ဝင်၏။

ဆိုင်ရှင်အဒေါ်ကြီးက မျက်မှောင်ကြုတ်၍ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ထိုင်ပါလည်း မပြော။ ဘာမျှလည်း မမေး။

သူကသာ လေသံပျော့ပျော့နှင့် မေး၏။

"ထမင်း ရောင်းပါတယ်နော်"

"အင်း… ထမင်းစားချင်လို့လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ထိုင်လေ"

"မထိုင်သေးပါဘူး၊ ထမင်းတစ်ခါ စားရင် ဘယ်လောက်လဲ"

"နှစ်ကျပ်"

"ဗျာ… ထမင်းချည်းပဲကို နှစ်ကျပ်"

mgyoe.com

m gyoe.com SAMPLE BOOK


"ထမင်းချည်းတော့ ဘယ်ဟုတ်မလဲ၊ ဟင်းပါပေါ့၊ ဟင်းမပါဘဲ ဘယ်သူ ထမင်းစားမလဲ"

"ကျွန်တော် စားတယ်"

"ဘာပြောတယ်"

"ဟင်း မလိုပါဘူး၊ ထမင်းချည်းပဲ ကျွန်တော် စားမယ်၊ ခင်ဗျား ဘယ်လောက် ယူမလဲ"

အဒေါ်ကြီးသည် အံ့ဩဟန်ဖြင့် သူ့ကို ကြည့်သည်။ ခဏဌမှ အဒေါ်ကြီး၏ မျက်နှာမှာ ပြုံးယောင်ယောင် ဖြစ်လာသည်။

"ထမင်းချည်းပဲဆို ငါးမူး ယူတယ်"

"ငါးမူး"

သူသည် တစ်စုံတစ်ရာကို တွက်ချက်ဟန် ခေတ္တ စဉ်းစားနေသေး၏။

"အေးဗျာ... ဒါဖြင့် ထမင်းတစ်ပွဲ ပေးပါ"

ယင်းသို့ မှာလိုက်ပြီး သူသည် ဆိုင်စားပွဲရှိ ခွေးခြေတစ်လုံးတွင် ဝင်ထိုင်၏။

ဆိုင်ချင်းက ကပ်နေသဖြင့် သူတို့ ပြောကြသံကို မသင်းနုမှာ ကြားနေရသည်။ ဟင်းမပါဘဲ ထမင်းချည်း မှာစားသူအတွက် မသင်းနုမှာ စိတ်မကောင်း။

စာအုပ်ဆိုင်ရှင် ကိုစိန်လှိုင်က ဝတ္ထုစာအုပ် တစ်အုပ် ယူ၍ မသင်းနုထံ ကပ်လာ၏။

"ဝှက်ထားတာ၊ အဝှက်လွန်လို့ ကြာသွားတယ် မသင်းနုရေ၊ ရော့... ရော့..."

"ဘယ်လို ကိုစိန်လှိုင်၊ အဝှက်လွန်လို့"

"စာအုပ်က မှာသလောက် မရတဲ့ စာအုပ်မို့ ဈေးကြီးတယ်၊ မူလရောင်းဈေးက တစ်ဆယ် ဆိုပေမယ့် ပေါက်ဈေးက ဆယ့်သုံးကျပ် ဖြစ်နေတယ်၊ ပုသိမ်က ကိုယ်စားလှယ်ကြီးဆီက တောင်းတောင်းပန်ပန်နဲ့ နှစ်အုပ်ပဲ ကျွန်တော် ရခဲ့တာ။ သူတို့လဲ လူခင်ချင်းမို့သာ၊ တယ်ပေးချင်ပုံ မရဘူး၊ ရောင်းတာထက် ငှားစားတာက ကိုက်တော့ ငှားစားကြတယ်လေ။ အင်း... ကျွန်တော်လဲ တစ်အုပ်တော့ ငှားစားတယ်၊ ဒီတစ်အုပ်ကတော့ မသင်းနုအတွက်ဆို ကျွန်တော် ဝှက်ထားတာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ကျေးဇူးတင်ပါတယ် ကိုစိန်လှိုင်၊ ဒီလိုဆို ကျွန်မ ဘယ်လောက် ပေးရမလဲ၊ ဆယ့်သုံးကျပ်လား"

"အို... အို... မဟုတ်တာ၊ မသင်းနု တစ်ယောက်ဆီကတော့ ကျွန်တော် အမြတ်မယူပါဘူး၊ ရောင်းဈေးအတိုင်း တစ်ဆယ်ပဲ ပေးပါ။ တစ်ဆယ် ယူရတာတောင် ကျွန်တော် စိတ်မကောင်းပါဘူး"

မသင်းနုက ကိုစိန်လှိုင်၏ မျက်နှာကို ကွက်ခနဲ ကြည့်၏။

ကိုစိန်လှိုင်မှာ အသက်အစိတ်ခန့်သာ ရှိသေးသည်။ လူပျိုလူလွတ်မှန်းလည်း မသင်းနု သိ၏။ မိမိအပေါ် စေတနာ အလွန်ထားမှန်းလည်း သိသည်။

ကိုစိန်လှိုင်၏ မျက်နှာက ပကတိ ရိုးသားဖြူစင်နေသည်။ သည်ကြားထဲက တစ်စုံတစ်ရာ ကြည်နူးရွှင်ပျနေသည်ကိုလည်း မဖုံးလွှမ်းထားနိုင်။

မသင်းနုသည် သက်ပြင်းလေး ခိုးရှိုက်ပြီး ပြုံးပြုံးလေး ဆို၏။

"တစ်ဆယ် ယူရတာကိုတော့ စိတ်မကောင်း မဖြစ်ပါနဲ့ ကိုစိန်လှိုင်၊ ရော့... ရော့... ကျွန်မအတွက် ဂရုတစိုက် စာအုပ်ချန်ထားတာပဲ ကျေးဇူးတင်လှပါပြီ"

မသင်းနုသည် ကိုစိန်လှိုင်အား ငွေတစ်ဆယ် လှမ်းပေးပြီး နေရာမှ ထ၏။

ထမင်းဆိုင်ရှင် အဒေါ်ကြီးက လှမ်းနှုတ်ဆက်သည်။

"မသင်းနုရေ... အဒေါ်တို့ ဆိုင်တော့ မဝင်တော့ဘူးလား"

မသင်းနုသည် ထမင်းဆိုင်ဘက်သို့ ကူးလိုက်၏။

"ရောင်းကောင်းရဲ့လား ဒေါ်ဒေါ်"

"အသင့်အတင့်ပဲ၊ ဒါထက် မသင်းနုတို့ ကျောင်းတွေ ပြန်မဖွင့်သေးဘူးလား"

"မဖွင့်သေးဘူး ဒေါ်ဒေါ်"

"ဘယ်တော့ ဖွင့်မလဲ"

"အဲဒါလဲ မသိဘူး"

မသင်းနု၏ မျက်လုံးများက ထမင်းစားနေသော သူ့ဆီ ရောက်သွား၏။

သူသည် ရှေ့ရှိ ဆားခွက်တွင်းမှ ဆားကို ယူကာ ထမင်းဖြူကို ဆုပ်၍ ဆုပ်၍ မျိုချစားနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မသင်းနု၏ ရင်မှာ ကရုဏာတရားက ပေါ်လာ၏။

"ဟောဒီ ငါးကြော်လေး စားသွားပါလား မသင်းနု၊ ပူပူနွေးနွေးလေး ရယ်"

မသင်းနု မဖြေရမီ သူ့ထံမှ ထမင်းသီးသံ တဟွပ်ဟွပ် ပေါ်လာသည်။

သူသည် နေရာမှ ထပြီး ဆိုင်ထောင့်ရှိ သောက်ရေအိုးစင်ဆီ ထသွား၏။

မသင်းနုသည် ပိုက်ဆံအိတ်လေးတွင်းမှ ငွေနှစ်ကျပ်ကို ကပျာကယာ နှိုက်ပြီး အဒေါ်ကြီးအား ပေး၏။

"ဘာလုပ်ဖို့လဲ မသင်းနု"

မသင်းနုက လေသံတိုးတိုးလေးဖြင့် ဆို၏။

"သနားပါတယ်၊ သူ့ကို ဟင်းထည့်ပေးလိုက်ပါ ဒေါ်ဒေါ်"

"အို..."

"မအိုနေနဲ့ ဒေါ်ဒေါ်၊ ကျွန်မ စာအုပ်ဝယ်တာ သုံးကျပ်တောင် သက်သာ လာတယ်၊ ပေးလိုက်နော်"

မိမိ ဘာလုပ်ခဲ့သည်ကို ထိုသူ မသိခင် မသင်းနုသည် ထမင်းဆိုင်တွင်းမှ လျှင်မြန်စွာ ထွက်လာခဲ့၏။

သူက လည်ချောင်း၌ တစ်ဆို့နေသည်ကို ရေတစ်ခွက်ဖြင့် ရှင်းချသည်။ နောက်တစ်ကြိမ် တစ်ဆို့မှုကို ကြိုတင်ကာကွယ်ရန် ရေတစ်ခွက် ခပ်ပြီး စားပွဲ ဆီသို့ ယူလာခဲ့၏။

ရေအားကိုးဖြင့် ဆားထမင်းဆုပ်ကို မျိုနေဆဲ မွှေးကြိုင်သော ကြက်သား ဟင်း တစ်ပွဲသည် သူ့ရှေ့သို့ ရောက်လာ၏။

သူက အဒေါ်ကြီးကို မျက်လုံးပြူးကြည့်၏။

"ကျွန်တော် မမှာဘူးဗျ"

"စားမှာသာ စားစမ်းပါ"

"စားဖို့က လွယ်ပါတယ်၊ ပြီးတော့မှ ခက်တာတွေ အကုန်လိုက်လာမှာ"

အဒေါ်ကြီးသည် သူ့အား အဖက်လုပ် ရှင်းမနေဘဲ ဟင်းချိုတစ်ခွက်နှင့် ထမင်းလိုက်ပွဲ တစ်ပွဲကိုပါ ထပ်ချပေး၏။

"ဒီမှာ အဒေါ်၊ ခင်ဗျားက ကျွန်တော့်ကို အလှူပေးနေတာလား"

mgyoe.com

mgyoe.com


"ကျုပ်က ပေးတာ မဟုတ်ဘူး၊ အလှူ့ရှင်က ထွက်သွားပြီ"

"ခင်ဗျာ"

"ခုနင်က ကလေးမကို တွေ့တယ် မဟုတ်လား၊ မောင်ရင့်အတွက် သူက ထမင်းဖိုး ပေးသွားတယ်၊ ဒီမှာ..."

အဒေါ်ကြီးက ငွေနှစ်ကျပ်ကို ထောင်ပြ၏။

"ဩော..."

သူက လမ်းပေါ်သို့ လှမ်းကြည့်သည်။ အလှူ့ရှင်မလေးကို မမြင်ရတော့။

ဘာလုပ်ရမည်နည်း။ လုပ်ရမည်ကတော့ ရှင်းနေသည်။ စားလိုက်ရုံပင်။ ဩော်... ဟင်းကို မြင်မှ ထမင်းက ထပ်ဆာလာပြန်ပြီ။

သူသည် ထမင်းကို အားရပါးရ ဆက်စားသည်။ ထမင်း သီးပြန်၏။ စောစောတုန်းကတော့ အာခြောက်၍ သီးသည်။ ယခုတော့ အငမ်းမရ စား၍ သီးသည်။ ဒုက္ခ...။

သူသည် ထမင်းလိုက်ပွဲရော၊ ဟင်းရော၊ ဟင်းချိုပါမကျန် ကုန်အောင် စားသောက်ပစ်၏။

စားသောက် လက်ဆေးပြီးမှ သူက မေး၏။

"ကျွန်တော် ဒါဖြင့် ပိုက်ဆံငါးမူးလဲ ပေးဖို့ မလိုတော့ဘူးပေါ့"

"မလိုပါဘူး၊ ဘာလဲ၊ မောင်ရင်က ပေးချင်လို့လား"

"လှူနိုင် တန်းနိုင်တဲ့ လူတစ်ယောက် ဆိုရင် ကျွန်တော်က ပေးခဲ့ချင်ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်က နက်ဖြန် ဆက်စားရဦးမယ်၊ နက်ဖြန်စာကျတော့ အလှူရှင် ရှိချင်မှ ရှိမှာ"

အဒေါ်ကြီးသည် သူ့ကို စိတ်ဝင်စားသွား၏။

"မောင်ရင် ဒီမြို့က မဟုတ်ပါဘူး"

သည်အမေးကိုတော့ သူ မဖြေ။

"မောင်ရင် ဘယ်က လာတာလဲ"

သည်တစ်ကြိမ်တော့ သူက ပြုံး၏။ သူသည် ရုတ်တရက် မဖြေသေးဘဲ အဒေါ်ကြီးကို ပြုံးလျက်ပင် စိုက်ကြည့်နေ၏။ ခဏကြာမှ ဆို၏။

"အဒေါ်ကော ဘယ်က လာလဲ"

"တော်..."

mgyoe.com

"အဒေါ် မဖြေနိုင်တဲ့ မေးခွန်းကို ကျွန်တော် မေးမိတယ်၊ ခွင့်လွှတ်ပါ။ လူဟာ ဘယ်က လာတယ် ဆိုတာ မဖြေနိုင်ဘူး၊ ဘယ်ကို သွားမယ် ဆိုတာလဲ မသိဘူး။ သူ သိတာက ခရီးသွားတစ်ဦး ဆိုတာပဲ၊ သံသရာ ခရီးသွား၊ ဟုတ်ပြီလား၊ ကျွန်တော်လဲ သံသရာ ခရီးသွားတစ်ဦးပဲ"

သည်စကားရပ်များကိုတော့ အဒေါ်ကြီးသာမက တစ်ဖက်ဆိုင်မှ ကိုစိန်လှိုင်ပါ ကောင်းစွာ ကြားရ၏။

အဒေါ်ကြီး၏ မျက်နှာမှာ ပြုံးစိစိ ဖြစ်လာ၏။ တစ်ဖက်ဆိုင်မှ ကိုစိန်လှိုင်၏ မျက်နှာလည်း ပြုံးစိစိပင် ဖြစ်လာ၏။

သူကတော့ ဘာမျှ အမှုမပြုဟန်ဖြင့် နှုတ်ဆက်၏။

"ကျွန်တော် သွားမယ်၊ အလှူ့ရှင် ကလေးမလေးကို တွေ့ရင် ပြောပေးပါ၊ သာခု... လို့၊ ကျွန်တော်က သာခုခေါ်ပါတယ်လို့၊ ကျွန်တော့်မျက်လုံးက မမှားဘူး ဆိုရင် အင်မတန်ချောတဲ့ ကလေးမပဲ။ နောက်ဘဝမှာလဲ ခုထက် ပိုချောနိုင်ပါစေ၊ လှူနိုင်ပါစေလို့၊ အဲဒါကို ဆက်ဆက်ပြောပေးပါ"

ခန့်ညားသော သည်စကားကို ပြောပြီး သူက ဆိုင်မှ ခွာသည်။

ခေတ္တသော် အဒေါ်ကြီးသည် ကြောင်နေ၏။ ထို့နောက်မှ အသံထွက်အောင် ရယ်ပြီး တစ်ဖက်ဆိုင်ဆီ လှမ်းပြော၏။

"ဟာဟ... မောင်စိန်လှိုင်ရေ... တိုးပြန်ပေ့၊ တို့မြို့တော့ တစ်ယောက်တိုးပြန်ပေ့"

"ဘာတိုးတာလဲ ဒေါ်ဒေါ်"

"မင်းတရားဘအေးအပြင် နောက်တစ်ယောက်လေ၊ သူကတော့ တစ်ပုံစံဟေ့၊ သူ့တော့ ဘယ်လိုဘွဲ့ ပေးမလဲ"

"ဆုပေးသွားတာ မကြားဘူးလား၊ သာခု...တဲ့၊ ကိုသာခုပေ့ါဗျာ၊ အဟဲ"

"ဟုတ်တယ်၊ မင်းဘွဲ့က မဆိုးဘူး၊ ကိုသာခု... အဟက် ဟက်၊ ဟဲ..."

ဝေးဝေးသို့ မရောက်သေးသောကြောင့် အဒေါ်ကြီးနှင့် ကိုစိန်လှိုင်တို့ ပြောကြသံကို သူ ကောင်းစွာ ကြားရ၏။

"မင်းတရားဘအေး၊ ပြီးတော့ ကိုသာခု။

သူတို့ ဘာပြောကြသည်ကို မိမိ နားမလည်။ မင်းတရားဘအေးကိုလည်း မသိ။ ကိုသာခု ဆိုသည်ကတော့ မိမိကို ညွှန်းလိုက်သည်။

mgyoe.com

.mgyoe.com
SAMPLE BOOK


မိမိနှာမည် ကိုသာဇု။ အင်း... အဟင်း... ကိုသာဇု။

သူသည် မြောက်ဘက်သို့ ဆက်လျှောက်လာ၏။

စား၍တော့ ပြီးပြီ။ စားပြီးတော့ အိပ်ချင်လာသည်။ အိပ်ရန် နေရာကိုတော့ သူ တွေ့ထားပြီးပြီ။

အစိုးရအထက်တန်းကျောင်းကြီးကို လွန်၍ အတန်လျှောက်လာပြီးသောအခါ လက်ဝဲဘက်တွင် ဘုရားစောင်းတန်းကြီးတစ်ခုကိုတွေ့ရ၏။ ထိုစောင်းတန်းကြီးဆီ သူ ချိုးဝင်လိုက်၏။

စောင်းတန်း တစ်နေရာတွင် တိုင်တစ်လုံးကို မှီ၍ ကျကျနန သူ ထိုင်လိုက်၏။

သည်မှာ သူ အိပ်နိုင်သည်။ သို့မဟုတ် ဟိုး... တန်ဆောင်းတစ်ခုတွင်းဝင်အိပ်နိုင်သည်။

လောလောဆယ်တော့ အိပ်ရန် မလိုသေး။ အိပ်ချင်ဦးတော့ အိပ်၍ရမည် မဟုတ်သေး။ နေက ကောင်းကောင်း မဝင်သေး။ ပြီးတော့ အနီးမှာက ဇာတ်ရုံကြီး တစ်ခု ရှိနေသည်။ ပွဲတော့ ရှိသေးဟန် မတူ။ ကလေးတစ်သိုက်ကတော့ ဆော့နေကြ၏။

အေးအေးဆေးဆေး သူ နားနေခိုက် တစ်စုံတစ်ယောက်က သူ့အနီးလာရပ်သဖြင့် မော့ကြည့်မိသည်။

ထိုသူက အသက်ငါးဆယ်ခန့် ရှိမည်။ အဝတ်အစားက နွမ်းသော်လည်း မိမိလောက်တော့ မနွမ်း။ ခါးမရှိသော ကိုယ်မှာ ဗိုက်က မရွဲ့တရွဲ့ ရှိသည်။ အသားက ညိုပြီး ပါးက ဖောင်းသည်။ သည်ပါးနှင့် မေးမှာ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတို့ လွှမ်းနေသည်။ ညှဉ်းသိုးသိုး ဆံပင်မှာ ဆံပင်ဖြူတွေ ရောနေသကဲ့သို့ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး အချို့ကလည်း ဖြူ၍ ထိုးထိုးထောင်ထောင် နိုင်သည်။

ထိုသူက ခါးထောက်ထား၏။ လက်တစ်ဖက်ကမူ ဝါးကိုင်းခြောက်တစ်ချောင်းကို ကိုင်ထား၏။ ယင်းသို့ ခန့်ညားစွာ ရပ်ရင်း ထိုသူသည် ဘုရင်မင်းမြတ် တစ်ပါးဟန်ဖြင့် မိမိကို ရှုစား အကဲခတ်နေ၏။

မိမိကလည်း တည်ငြိမ်စွာဖြင့် သူ့ကို ပြန်ကြည့်၏။

ထိုသူသည် မိမိနှင့် မျက်နှာချင်းဆိုင်ရှိ တိုင်တစ်လုံးကို မှီလျက် ထိုင်၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

မိမိကတော့ သူ့ကို ဆက်လက် စိုက်ကြည့်နေသည်။ သူကတော့ မိမိကို မကြည့်တော့ဘဲ မျက်လုံးများကို ပိတ်၍ပင် ထား၏။

မိမိက အတန်ကြာစွာ သူ့ကို စိုက်ကြည့်နေသေးသော်လည်း ထိုသူက မလှုပ်။ မျက်လုံးများလည်း မဖွင့်။

မိမိက သူ့ထံမှ မျက်လုံးလွှဲလိုက်သောအခါမှ အသံကြားရသည်။

"ဟဲ့ကောင်... လာစမ်း"

မိမိသည် အသံလာရာ သူ့ထံ လှမ်းကြည့်သည်။

သူကတော့ ပုံမပျက်။ မလှုပ်။ မျက်လုံးများလည်း မဖွင့်။ အသံသည် သူ့ထံမှ လာသည် ဟုတ်ပါစ။

မိမိသည် သူ့ကို လှုပ်လာမည်လားဟု စိုက်ကြည့်နေသေးသည်။ သူက မလှုပ်။

မိမိက သူ့ထံမှ မျက်လုံးလွှဲလိုက်ပြန်သည်။ ပီပီသသဖြင့် အသံသည် ပေါ်လာပြန်၏။

"ဟဲ့ကောင်... လာစမ်း"

မိမိက လှည့်ကြည့်မိပြန်သည်။ သူက ယခင်အတိုင်းပင် မလှုပ်။ မျက်စိများလည်း မဖွင့်။

"ဒီမှာ ... ဘယ်သူ့ကို ခေါ်တာလဲ"

သည်အခါကျတော့မှ စကားပြန်၏။

"မင်းကိုပေါ့"

စကားသာ ပြန်သည်။ မော့မကြည့်။ မလှုပ်။

"ကျွန်တော့်ကို..."

"အေး... မင်းကို၊ မင်းကို အခစား ဝင်ခိုင်းနေတာ"

"ဘယ်လို"

"ရှေ့တိုးလာခဲ့"

ခက်ရချည့်။ မည်သို့ဖြစ်စေ စူးစမ်းလိုသောကြောင့် ခိုင်းသည့်အတိုင်း ရှေ့တိုးလိုက်၏။

"အဲ... အဲဒီလိုမှပေါ့၊ မင်းက မော့ဖူးခွင့် မပေးခင်ကတည်းက စိုက်ကြည့်နေတော့ ငါ ရာဇဣန္ဒြေ ပျက်တာပေါ့။ ဒါကြောင့် ငါ မျက်လွှာချထားရတယ်။ အခု တော့ မထူးပါဘူး၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြောကြတာပေါ့"

mgyoe.com

mgyoe.com  SAMPLE BOOK 

သူက မျက်လွှာလှန်၍ မိမိကို ကြည့်တော့၏။

"မင်း ငါ့မျက်လုံးကို စေ့စေ့ကြည့်ရဲလား"

"ကြည့်ရဲလို့ ကြည့်နေတယ် မဟုတ်လား"

"အေး... အေး... မင်း အတော် အလျှောက်အတင် ရဲတဲ့ ကောင်ပဲ၊ ကြိုက်ပြီ၊ လျှောက်... ဆက်လျှောက်..."

"ဘာရယ်"

"ဆက်လျှောက်လို့ ခွင့်ပေးတော်မူနေတယ်"

"ဘာရယ်... ဆက်လျှောက်ရမယ်၊ ခင်ဗျားက ဘယ်သူလဲ"

"ငါ တစ်ယောက်လုံးကို မင်းက မသိဘူး"

"မသိဘူး"

"မသိရင် နေ"

ထိုသူက စိတ်ဆိုးသွားဟန် တူသည်။ မိမိကို စကား ဆက်မပြောတော့ဘဲ တစ်ဖက်သို့ လှည့်သွား၏။ ထို့နောက် အိတ်တွင်းမှ ပိုက်ဆံအကြွေများကို ထုတ်ကာ မြေပြင်၌ စီလျက် ချထား၏။ ပိုက်ဆံများကို လက်ညှိုးနှင့်တို့ကာ သူ့ကိုယ်သူ ပြောဟန် ညည်း၏။

"ဒီနေ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ငါ့ကို အခွန်မဆက်ဘူး၊ ထို့... ခွေးမျိုးတွေ၊ ရှင်ဘုရင်ကိုယ်တိုင် သောက်ရက်မရှိဘဲ လိုက်တောင်းနေရတော့ ဘယ်ကောင်းမလဲ၊ မိဖုရားကြီးကလဲ စားတော် လာမဆက်ဘူး၊ ဘယ်လင်နဲ့ သွားအိပ်နေလဲ မသိဘူး"

သူသည် ပိုက်ဆံများကို အိတ်တစ်ဖက်တွင်း ပြန်ထည့်လိုက်၏။ အခြား အိတ် တစ်ဖက်တွင်းမှ အထုပ်တစ်ထုပ်ကို နှိုက်ယူကာ ဖောက်ပြီး ထွက်လာသော ကွာစေ့လှော်များကို တထောက်ထောက်ဖြင့် အခွံခွာစားနေ၏။

ကစားနေသော ကလေးများအနက် တစ်ဦးသည် သူတို့ကို မြင်သွား၏။

"ဟေး... ဟေ့... ဟိုမှာ... ဦးဘအေးကြီးရယ်"

"ဗအေးဟေ့... မင်းတရားကြီးရယ်"

ကလေးတို့သည် သူတို့နှစ်ဦးထံ ဝိုင်းလာကြသည်။

"အား... ဟား ဟား... နှစ်ယောက်တောင်ဟေ့၊ အရူး နှစ်ယောက်တောင်"

mgyoe.com

mgyoe.com SAMPLE BOOK


သူက မျက်လုံးပြူးသွားသည်။ ကွာစေ့လှော် ပွဲတော်တည်နေသော ပုဂ္ဂိုလ်ကြီးက ဆတ်ခနဲ ထရပ်ပြီး ဝါးကိုင်းခြောက်ကို ကိုင်လျက် ကလေးတို့ကို မာန်ဖီကြည့်နေသည်။

ကလေးတို့၏ မျက်နှာကလေးများကား ပြုံးရွှင်နေကြသည်။ မျက်လုံးလေးများကလည်း တောက်ပြောင်နေကြ၏။

သူတို့သည် လက်ခုပ်များ တီးလျက် သံပြိုင်အော်ကြသည်။

"မင်းတရား...မင်းတရား...ဘအေး၊ မိဖုရားကြီး လင်နောက်လိုက်ပြေး..."

မာန်ဖီနေရာမှ ပုဂ္ဂိုလ်ကြီးသည် ကလေးတို့ကို ဝါးကိုင်းခြောက်နှင့် လိုက်ရိုက်၏။

ကလေးတို့က ကွဲ့ရှောင်ပြေးကြသည်။ ဝေးဝေးတော့ မပြေး။ ပုဂ္ဂိုလ်ကြီးကို အဝိုင်းမပျက်။ တစ်စုကို လိုက်လျှင် တစ်စုက နောက်မှ ကပ်လာသည်။ အသံစာစာလေးများကလည်း တကြော်ကြော်။

"မင်းတရား... မင်းတရား ဘအေး၊ မိဖုရားကြီး လင်နောက် လိုက်ပြေး"

လိုက်သူက လိုက်၊ စသူက စ၊ တအုန်းအုန်း၊ တရုန်းရုန်း။

မဖြစ်ပြီ။ မဖြစ်ချေပြီ။ အခွင့်ရှိခိုက် မိမိက လစ်ရပေမည်။ မလစ်သော် မိမိကိုလည်း သည်ကလေးတွေ ဘာလုပ်ကြမည်နည်း။

မင်းတရားကြီးနှင့် ကလေးတွေ အလုပ်များနေခိုက် စောင်းတန်းမှ သွက်သွက် သူ ထွက်လာခဲ့သည်။

သူသည် တာရိုးလမ်းအတိုင်း တောင်ဘက်သို့ ပြန်လျှောက်ခဲ့သည်။

ရုပ်ရှင်ရုံနား ရောက်သောအခါ မြစ်ဘက်သို့ ပြေးသော လမ်းကြားလေး တစ်ခုကို တွေ့ရသည်။

လမ်းကြားလေးအတိုင်း မြစ်ကမ်းဆီ သူ လျှောက်လာခဲ့၏။

"ဩော်..."

သူ့နှုတ်မှ ရေရွတ်မိသွားသည်။

သည်ဘက်ကမ်းမှ ကမ်းပါးကြီးက မြင့်သည်။ အိုင်သပြုက ကမ်းပါး ကြီးထက် မြင့်သည်။ နံရံကြီးတစ်ခုကဲ့သို့လည်း စောက်မတ်သည်။

ဟိုဘက်ကမ်းမှာမူ ကမ်းပါးမြင့်ကြီး မရှိ၊ ကွေ့နေသော မြစ်သည် သောင်ကို ထွန်းနေစေ၏။

mgyoe.com

mgyoe.com

SAMPLE BOOK


ပြေပြေလျှော့လျှော့ ရှိသော သောင်ပြင်ကြီးက ဖွေးဖွေးဖြူနေသည်။ စိမ်းစိမ်းနုနု အပင်ပုလေးများကလည်း လွှမ်းနေသေး၏။

လှပငြိမ်းချမ်းသော ငွေသောင်ပြင်၊ ကျယ်လွင့် လွတ်လပ်သော ငွေသောင်ပြင်၊ ရေနံ့သာဦးမှာ လျှောင်းစက်နားမွေ့ ပျော်ဖွယ်ရာ ငွေသောင်ပြင်။

ငွေသောင်ပြင်က သူ့ကို ဖိတ်ခေါ်နေသည်။ သည်ဘက်ကမ်း ကမ်းပါးကြီး၏ နံရံတွင် ထွင်းဖောက်ထားသော လှေကားထစ်များ ရှိနေသည်။ ကမ်းပါးသည် ပေသုံးဆယ်နီးပါး မြင့်သောကြောင့် လှေကားလမ်းသည် တောင်တက်လမ်းပမာ အချိုးနှစ်ချိုး ရှိနေသည်။

လှေကားလမ်းအတိုင်း ကမ်းပါးအောက်သို့ သူ ဆင်းလာခဲ့သည်။

ရေစပ်၌ လူသုံးဦး ပါသော လှေငယ်တစ်စင်းသည် ကမ်းမှ ခွာမည် ပြုနေ၏။

"ဟိုဘက်ကမ်း သွားမလို့လား"

"ဟုတ်တယ်"

"ကျွန်တော်ကော မလိုက်ရဘူးလား"

ကူးတို့ရှင် လူရွယ်က သူ့ကို စူးစမ်းသယောင် ကြည့်နေ၏။

အသက်ငါးဆယ်ကျော်ခန့် ဦးကြီးတစ်ဦးက ဝင်ပြော၏။

"လိုက်ပါစေကွာ၊ လှေချောင်သားပဲ၊ ကဲ… မောင်ရင်၊ တက်… တက်"

သူက လှေပေါ်သို့ တက်လိုက်၏။

မြစ်ရေပြင်က မကျယ်။ ညင်သာစွာ စီးနေသော ရေပြင်ကို လှေငယ်သည် ချောမွတ်စွာ ဖြတ်ကူးလာခဲ့၏။

တစ်ဖက်ကမ်းရောက်သောအခါ ဦးကြီးနှင့် အဖော်သည် သောင်ပြင်ကို ဖြတ်၍ ကမ်းပေါ် ဆက်တက်သွားကြသည်။ ကူးတို့ရှင်က မြို့ဘက်သို့ ပြန်ကူးသွားသည်။

သောင်ရေစပ်မှာ သူတစ်ဦးတည်း ကြောင်တောင်တောင်နှင့် ကျန်ရစ်၏။

"သောင်ပြင်လွှတ်သော…"

သူသည် အတွေးစကို ခေတ္တဖြတ်ပြီး အားရပါးရ ရယ်သည်။

"သောင်ပြင်လွှတ်သော … အဲ… အဟဲ မင်းသားလေးလို"

မင်းသားလေး။ အင်း… အဟင်း… မင်းသားလေး။

ဟိုတစ်ဦးကတော့ မင်းတရား။ မင်းတရားဘအေး။

mgyoe.com

mgyoe.com SAMPLE BOOK


သူသည် ထမင်းဆိုင်ရှင် အဒေါ်ကြီးနှင့် စာအုပ်ဆိုင်ရှင် လူရွယ်တို့ ပြောကြသော စကားရပ်များကို ပြန်သတိရသည်။ ထိုစကားများ၏ အဓိပ္ပာယ်ကိုလည်း ယခုမှ နားလည် သဘောပေါက်သည်။

သူတို့က မိမိကို မင်းတရားဘအေးနှင့် တစ်ဂိုဏ်းတည်း ထားလိုက်ပြီ။

ဩော်... မိမိအသွင်သည် သည်ပုံသို့ ဆိုက်နေပြီလော။ မိမိဘဝသည် သည်မျှ နုံချာသွားပြီလော။

ပထမတော့ သူ့ရင်တွင်း ဝမ်းနည်းပက်လက် ဖြစ်မိသည်။ ခဏ၌မူ အသိဉာဏ် လင်းရောင်ခြည်တစ်ခု ဝင်းလက်လာ၏။

မမျှော်လင့်သော အခွင့်အရေး။ သည်အခွင့်အရေးထက် ကောင်းသော အခွင့်အရေးသည် ဘယ်မှာ ရှိနိုင်သနည်း။

မိမိက မင်းတရားဘအေးနှင့် တစ်ဂိုဏ်းတည်း။ မင်းတရားဘအေးတို့ လူစားမျိုးက ခွင့်လွှတ်အခံရဆုံး လူစားမျိုး။ ကလေးတို့မှ လွဲ၍ မည်သူ၏ အနှောင့်အယှက်ကိုမှ မခံရသော လူစားမျိုး။ သည်လူ့လောက အလယ်မှာ သီးသန့် နေရာရသော လူစားမျိုး။

သူသည် ရယ်လိုက်၏။ သည်တစ်ကြိမ်တော့ စိတ်ချမ်းသာ၍ ရယ်သည်။

နေက ဝင်သွားပြီ။ မှောင်တော့ မမှောင်သေး။ အနောက်တက် ကောင်းကင်တွင် ပန်းနုရောင် အများစု ကဲလွှမ်းနေသည်။ ခရမ်းရောင်များလည်း သန်းနေသည်။ လဲ့လဲ့ဖန့်ဖန့် စိမ်းနုနုအရောင်လေးများလည်း ပျံ့နေဆဲတည်း။

ကမ်းသာသောင်ငွေဦးက ကျယ်လွင့် ပြန့်ပြူးဘိသည်။ အေးလည်း အေးချမ်း၍ ဆိတ်လည်း ဆိတ်ငြိမ်ဘိသည်။

သောင်သဲမြေဖြူဖြူပေါ်တွင် သူက ပက်လက်လန် လှဲအိပ်လိုက်သည်။

ခိုပြာနုရောင် မပျောက်သေးသော ကောင်းကင်ကြီးတစ်ခုလုံးကို ပွင့်ပွင့်လင်းလင်း မြင်ရ၏။ အဆီးအတား ဟူ၍ ဘာရယ်မျှ မရှိ။ မလက်တလက် ငွေကြယ်ကလေးများကိုပင် မြင်ရသေးသည်။

ဩော်... လွတ်လပ်ခြင်း။ မျှော်မှန်း တမ်းတခဲ့ရပါသော လွတ်လပ်ခြင်း။

သူ့စိတ်တွင်းမှ လွတ်လပ်ခြင်း။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၃ )

ဈေးခြင်းတောင်းလေးကို လက်၌ ဆွဲလျက် ဈေးဘက်သို့ လျှောက်လာရင်း မသင်းနု သည် ပြုံးမိ၏။

အချိန်က နံနက်ရှစ်နာရီ ထိုးခါနီးပြီ။ ဟိုယခင်ရက်များက ဆိုလျှင် သည် အချိန်မှာ ကိုယ်ကို ယခုထက် ကြော့ကြော့လှလှအောင် ပြင်ဆင်ထားသည်။ မှုန်နံ့သာ လည်း ယခုထက် ဖုန်အောင် လိမ်းခြယ်ထားသည်။ လက်တွင်းမှာတော့ ယခုလို ဈေးခြင်းတောင်းလေး မဲဟုတ်။ ပြဋ္ဌာန်းစာအုပ်နှင့် မှတ်စုရေး ဗလာစာအုပ်များ သာတည်း။ ယခုလိုလည်း အေးအေးဆေးဆေး မလျှောက်နိုင်။ သင်တန်းလည်း မီ၍ ရှေ့ခုံတန်းလည်း ရအောင် အဆောင်မှနေ၍ ဒရောသောပါးလေး ထွက်ခဲ့ရမြဲ ဖြစ်၏။ အိတ်ထိကလပ်စ် ခေါ် ရှစ်နာရီ သင်တန်းချိန်။ မသင်းနု မပျက်ရဲသော အင်္ဂလိပ်စာ သင်တန်းချိန်။

ယခုတော့ ဈေးခြင်းတောင်းလေးကို ဆွဲရင်း မသင်းနု အေးအေးဆေးဆေး လျှောက်လာနေသည်။ ဩော်...သည်မှာကတော့ အေးအေးဆေးဆေး။ အားလုံး အေးအေးဆေးဆေး။

နေရောင်က ကြည်လင်နေသည်။ ဆောင်းလေလေးကတော့ ရှိနေသည်။ နှင်းလေးများလည်း မဝေ့တဝေတည်း။

ဈေးမရောက်မီတွင် သံချောင်းပြားပြား ရှည်ရှည်များကို ထမ်းလာကြ သူများကို တွေ့ရ၏။

mgyoe.com

ယောက်ျားများကတော့ ထမ်းလာသည်။ မိန်းမများကတော့ ရွက်လာကြ၏။

သံချောင်းများ ဆိုတော့ လေးပေမည်။ ရှည်ရှည်လျားလျား ဆိုပြန်တော့ ယမ်းချင်ပေမည်။ မယမ်းမလည်အောင် ထိန်းရင်း လာနေကြပုံ ပေါ်သည်။ အလေးချိန်နှင့် အရှိန်နှင့် ဖြစ်သောကြောင့် သူတို့မှာ အပြေးကလေး ပြေးနေသကဲ့သို့ ရှိသည်။

လမ်းက ကျဉ်းသောကြောင့် သူတို့နှင့် မတိုက်မိရန် အခြားသူများနည်းတူ မသင်းနုက ဘေးသို့ ဆင်းပြီး ရှောင်ရှောင် လျှောက်ပေးရ၏။

မနေ့က ရောက်ခဲ့သော စာအုပ်ဆိုင်နှင့် ထမင်းဆိုင်အနီး ရောက်သော အခါ ရှေးတူရူမှ သံချောင်းပြားများကို ထမ်းလျက် မပြေးတပြေး လာနေသော သူ တစ်ဦးကို တွေ့ရ၏။

သူကတော့ တစ်မူထူး၏။ ထမ်းလာရင်းက ကြိုတင်သတိပေး အော်လာသည်။

"ဘေးကိုဗျ... ဘေးကို၊ အန္တရာယ်ကင်း ဘေးရှင်းကြဖို့ ဘေးကိုဗျ... ဘေးကို"

သူ့အသံကြောင့် လမ်းသွားလမ်းလာများ ပြုံးစိစိ ဖြစ်ကြသည်။ မသင်းနုလည်း ပြုံးမိ၏။ သူ့အော်သံက ရိုးရိုးအော်သံ မဟုတ်။ နိဗ္ဗာန်ဆော် အော်သံပမာ သံနေသံထား အနိမ့်အမြင့်၊ အဆွဲအငင်နှင့် ဖြစ်သောကြောင့်တည်း။

မိမိအနီးမှ ထိုသူ ဖြတ်သွားစဉ် ရုပ်ရည်ကို မှတ်မိလိုက်သော မသင်းနုမှာ အနည်းငယ် အံ့သြပြီး အပြုံးလေးလည်း ရပ်သွား၏။

သူ...။ မနေ့က ထမင်းကို ဆားနှင့်သာ ဆုပ်စားနေရှာသူ။ သူ့အတွက် မိမိ ငွေနှစ်ကျပ် လှူခဲ့ရသူ။

ထမင်းဆိုင်ရှင် အဒေါ်ကြီးက တစ်ဖက်ဆိုင်မှ ကိုစိန်လှိုင်ကို လှမ်းပြော၏။

"မပြောလား၊ သူက တစ်ပုံစံလို့"

"ဟုတ်သဗျ၊ အဟဲ... ကိုသာစုတို့ကတော့ တစ်ပုံစံ"

ထမင်းဆိုင်ရှင် အဒေါ်ကြီးက မသင်းနုကို လှမ်းမြင်သွား၏။

"ဈေးဝယ်လာသလား မသင်းနု"

mgyoe.com

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အဲဒါထက် ဒါ ဘာသံချောင်းတွေလဲ"

"လှည်းဖနောင့်သံတွေလေ၊ မသင်းနု မသိဘူးလား"

"ဩော်..."

မသင်းနု ရှက်ပြုံးလေး ပြုံးမိ၏။ လှည်းဖနောင့်ကိုတော့ အသိသား။ လှည်းဘီးတွင် မတပ်ရမီ လှည်းမနောင့်သံကို မမြင်ဖူးသေး။

မသင်းနုက ဝန်ခံ၏။

"လှည်းဖနောင့်သံ ကျွန်မ မမြင်ဖူးသေးဘူး ဒေါ်ဒေါ်ရဲ့၊ ဦးကြီး လယ်လုပ်ရက်နဲ့ လှည်းဖနောင့်သံကို မသိတာ ကျွန်မ ညံ့တာပေါ့"

အနီးသို့ ကပ်လာသော ကိုစိန်လှိုင်က ဝင်ပြောသည်။

"မသင်းနု မမြင်ဖူးတာ မဆန်းပါဘူး၊ လှည်းဖနောင့်သံ မရတာ ကြာပြီ၊ ဒီနှစ်မှ မူဝါဒသစ်အရ ဒါတွေ ရောက်လာတာ"

"ဘယ်လို... ကိုစိန်လှိုင်၊ မူဝါဒသစ်အရ... ဟုတ်လား"

"ဟုတ်တယ်၊ မသင်းနုလဲ သတင်းစာတွေထဲ ဖတ်ရမှာပေါ့၊ နိုင်ငံ တော်အစိုးရက စပါးဈေးလဲ တိုးပေးတယ်၊ မိမိတာဝန်အရ ရောင်းရမှာထက် ပိုရောင်းလာတဲ့ စပါးမှန်သမျှအတွက်လဲ အထူးနှုန်း ထပ်ပေးတယ်၊ လယ်သမားတွေအတွက် မရှိမဖြစ်တဲ့ လှည်းဖနောင့်သံ၊ အိမ်ရိုက်သံ၊ သွပ် စတဲ့ဟာတွေလဲ ပို့ပေးနေတယ်"

မသင်းနုက ခေါင်းညိတ်ပြ၏။ သည်အကြောင်း သတင်းစာထဲ၌ ဖတ်ဖူး၏။ ယခု သည်မှာ အကောင်အထည်အဖြစ် မြင်ရသည်။

မသင်းနုက ဈေးတွင်းဝင်ရန် ခွာမည်အလုပ်၌ အဒေါ်ကြီးက ပြောသည်။

"ခုနက ဘယ်သူ... အဲ... ကိုသာစု... အဟဲ... ကိုသာစုကို မသင်းနု တွေ့လိုက်သလား"

"ရှင်... ကိုသာစု"

"ခုနက သံနေသံထားနဲ့ အော်ပြီး လှည်းဖနောင့် သံချောင်းတွေ ထမ်းသွားတာလေ"

"ဩော်... ဩော်... ကိုသာစု၊ သူ့နာမည် ကိုသာစု၊ ဟုတ်လား"

"မောင်စိန်လှိုင်က ပေးထားတဲ့ နာမည်ပါ။ မနေ့က သူ့ထမင်းဖိုး မသင်းနုက ပေးသွားတယ် ဆိုလို့၊ ပေးသွားတဲ့ ဆု၊ နားထောင်မလား"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ရှင်..."

"သာစု... တဲ့၊ အလှူ့ရှင်မလေး ချမ်းသာပါစေတဲ့၊ သူ့မျက်စိ မမှားရင် အင်မတန်ချောတဲ့ ကလေးမ တဲ့၊ နောက်ဘဝကျ သည့်ထက် ချောပါစေ တဲ့၊ သူ ဒီလို ဆုပေးသွားတဲ့ အကြောင်းလဲ မသင်းနုကို ပြောပြပေးပါ တဲ့"

မိမိကို ချီးမွမ်း မြှောက်ပင့်ခြင်း ပါနေသော စကား ဖြစ်သောကြောင့် မသင်းနု၏ ပါးလေးမှာ အနည်းငယ် ရဲသွား၏။

"ဆုက အကောင်းပေးသွားတာပဲ၊ ကျေးဇူးတင်ရမှာပေါ့ ဒေါ်ဒေါ်ရယ်"

"အေးပေါ့၊ ဒါပေမဲ့ သနားစရာပါဟယ်"

"ရှင်.... သနားစရာ"

"အေးဟဲ့... ငါက အစက အကောင်းမှတ်နေတာ၊ သူ ဘယ်က လာလဲ မေးတော့ မဖြေနိုင်ဘူး၊ မဖြေနိုင်တာ မဟုတ်ပါဘူးလေ၊ သူ ပြောသွားတာ ဘာပါ လိမ့် မောင်စိန်လှိုင်"

"လူဆိုတာ ကိုယ် ဘယ်က လာတယ် ဆိုတာ သိသလား တဲ့၊ ဘယ်သွား မယ် ဆိုတာကော သိသလား တဲ့၊ သူ သိတာက သူဟာ သံသရာခရီးသွား တဲ့၊ စကား ကတော့ ခန့်ညားတယ် မသင်းနုရေ..."

မသင်းနုက စဉ်းစား၏။ သည်စကားက ခန့်ညားသည်ထက် ထူးဆန်း သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်လည်း ထင်၏။

အဒေါ်ကြီးကသာ ဆက်ဝင်ပြော၏။

"ဒါကြောင့် ငါက ပြောတာ၊ တို့မြို့တော့ မင်းတရားဘအေးအပြင် တစ်ယောက် တိုးပြီလို့။ သူက တစ်ပုံစံ၊ ဘအေးက တောင်းလဲ တောင်းသေးရဲ့၊ အပေါ်စီးကလဲ နေသေးရဲ့၊ သူ့ခမျာကတော့ ကြည့်၊ မတောင်းဘူး၊ ဝင်အလုပ် လုပ်နေတယ်"

အဒေါ်ကြီး၏ လေသံမှာ ကရုဏာသံ ပါ၏။ မသင်းနု၏ ရင်မှာလည်း ကရုဏာသက်မိ၏။

ဆက်ပြောရန် စကား မရှိတော့သဖြင့် မသင်းနုသည် ဈေးတွင်းသို့ ဝင်ခဲ့ ၏။

◆

mgyoe.com

 mgyoe.com SAMPLE BOOK 

ထိုနေ့က နံနက်စာအမီ အိမ်သို့ ဦးကြီးထွန်းသာလည်း ရောက်လာသည်။

ဦးကြီးက တစ်ဖက်ကမ်းမှာ လယ်လုပ်သည်။ ယနေ့ လှည်းဖနောင့်သံ လာထုတ်သည် ဆို၏။

ဦးကြီး၏ မျက်နှာမှာ ရွှင်ပျနေ၏။ အမူအရာများကလည်း တက်ကြွနေသည်။

ထမင်းစားကြရင်း မသင်းနုက မေးသည်။

"ဦးကြီး လှည်းဖနောင့်သံ ရလား"

"ရတာပေါ့ဟ၊ ငါက တာဝန်ကျေတဲ့အပြင် ပိုတောင် ရောင်းနိုင်တဲ့ လူပဲဟာ၊ အိမ်ရိုက်သံနဲ့ သွပ်လဲ ရမယ် ပြောတာပဲ၊ သွပ်ကတော့ သူတို့ မှုချရဦးမယ် ပြောတာပဲ၊ သံလောက်ရလဲ မဆိုးပါဘူးဟာ၊ တို့ ဒီအိမ်လဲ ပြင်စရာတွေ ရှိနေတယ်၊ အံ့မယ်... ရေဒီယိုတောင် ရမယ် ဆိုလား၊ ငါတော့ တစ်လုံး ဝယ်ဖြစ်အောင် ဝယ်ဦးမယ်"

"ဦးကြီးက ရေဒီယို ဘာလုပ်ဖို့လဲ၊ သီချင်း နားထောင်မလို့လား"

"တယ်... ရေဒီယို ဆိုတာ သီချင်းပဲ နားထောင်ရတယ်လို့ နင့် ဘယ်သူ ပြောလဲ၊ သတင်းပါတယ်၊ ဗဟုသုတတွေ ပါတယ်၊ တို့လယ်သမားတွေအတွက် သီးသန့်အစီအစဉ်တွေ ပါတယ်၊ မိုးလေဝသသတင်း တစ်ခုတည်းကတင် တို့ အတွက် တန်ဖိုးအများကြီး ရှိတယ်၊ နင် နားလည်ရဲ့လား"

မသင်းနုက ပြုံးပြီး ဇက်ပုသွား၏။ ဦးကြီး ပြောမှ သဘောပေါက်သည်။ ရေဒီယို ဆိုသည်မှာ သီချင်းနားထောင်ဖို့သာ မဟုတ်။

"နင် လယ်တဲဘက် မလာသေးပါလား၊ အခု ပျော်ဖို့ကောင်းနေတယ်ဟ"

"လာမလို့ပဲ၊ ရောက်ရောက်ချင်း ဒီမှာ စကားရည်လုပွဲက ရှိနေတော့ ဝင်ပြောပေးပါ ဆိုလို့ ပြောဖို့က ပြင်ရ ဆင်ရ ဇာတ်တိုက်ရတယ် ဦးကြီးရဲ့၊ ဒါကြောင့် ကျွန်မ မကူးဖြစ်သေးတာ"

"နင်တို့ကျောင်း ဘယ်တော့ ပြန်ဖွင့်မလဲ"

"မသိသေးဘူး၊ ဖွင့်တော့ ဦးကြီး ပြောသလိုပဲ ရေဒီယိုက ကြေညာမှာ ပေါ့"

"အေးလေ... ဖွင့်တော့ ပြန်သွားတာပေါ့၊ ဦးကြီး ပြောချင်တာက နင် မပူနဲ့လို့၊ ဖြောင့်ဖြောင့်သာ စာတတ်အောင် သင်၊ ဦးကြီး ကောင်းကောင်း အလုပ်

mgyoe.com

mgyoe.com

လုပ်နိုင်သေးတယ်။ အံမယ်... နင် လာရင် ကြည့်စမ်း၊ ငါ့မြေပဲပင်တွေ ထနေတာလဲ စိမ်းနေတာပဲ၊ ဒီနေ့ ငါ အော်ဒရင်းလဲ ထုတ်သွားဦးမယ်၊ ဖိုးလမင်းပိုးကို အော်ဒရင်းမှ နိုင်တာ၊ ဖိုးလမင်းပိုး မကျရင်၊ ကျလဲ နိုင်ရင် ဘာမှ ကြောက်စရာ မရှိဘူး"

ဦးကြီးက ထမင်းလုတ်ကြီးကြီး စားရင်းက အားရပါးရ ပြောနေ၏။

ထမင်းဝိုင်းရှိ လူအားလုံးကို မသင်းနုက ကြည့်မိသည်။

မိမိပါမှ အားလုံး လေးယောက်တည်း။ သြော်... အမှန်က ခြောက်ယောက် ရှိဖို့ ကောင်းသည်။

အမေနှင့် ဒေါ်လေးက ဆိတ်ငြိမ်စွာ စားသောက်နေကြ၏။

အမေရော ဒေါ်လေးပါ ပင်ကိုက စကားနည်းသည်။ ဦးကြီးရှေ့မှာ ဆိုလျှင် ပိုစကားနည်းကြသည်။ သူတို့အစ်ကိုကို သူတို့ အလွန်ရိုသေ ကြောက်ရွံ့ကြသည်။

ဦးကြီး၏ အသက်က ခြောက်ဆယ်နား နီးပြီ။ တကယ်ဆိုလျှင် မြို့က လူတို့ ပင်စင်ယူချိန်တည်း။

သြော်... ယခု ထမင်းဝိုင်းမှာ လူခြောက်ယောက် ရှိလျှင်၊ အဖေနှင့် ဦးလေးထွေးမောင်သာ ရှိလျှင်၊ ဦးကြီးလည်း အနားယူချင်နေပေမည်။ ယခုတော့...။

ထမင်း စားသောက်ပြီးသောအခါ သူ့ကိစ္စများ ဆောင်ရွက်ရန် ဦးကြီး ထွန်းသာ အိမ်မှ ထွက်သွား၏။

ဒေါ်လေးက စက်ချုပ်သည်။ ကျန်းမာရေး မကောင်းလှသော အမေက တစ်ရေးတစ်မော အိပ်၍ အနားယူသည်။

မသင်းနုက မပြီးသေးသော ဝတ္ထုကို ယူလျက် ခြံတွင်း ဆင်းပြီး သစ်ပင်ရိပ်၌ ဖတ်၏။

ဝတ္ထုက မသိစိတ်ဟု ခေါ်သော စိတ်ပညာ သဘောတရား တစ်ခုပေါ် အခြေခံ၍ ရေးထားသည်။ ဝတ္ထုတွင်းမှ ဇာတ်လိုက်က မသိစိတ်၏ ဖုံးလွှမ်းမှုကြောင့် သူ့ဘဝကို သူ မေ့နေသည်။ သူ့အဖြစ်မှာ စိတ်ဝင်စားဖွယ်လည်း ကောင်းသည်။ ရယ်ဖွယ်လည်း ကောင်းသည်။ သနားဖွယ်လည်း ကောင်း၏။

ဝတ္ထုဖတ်ရင်းက မသင်းနုသည် တစ်စုံတစ်ယောက်ကို သွားသတိရသည်။

mgyoe.com

mgyoe.com


ကိုသာစု။ အင်း… ကိုစိန်လှိုင်တို့ ခေါ်သော ကိုသာစု။

ကိုသာစုကလည်း သူ ဘယ်က လာသည်ကို မသိဟု ဆိုသည်။ သူ သိသည်က သူ့ကိုယ်သူ သံသရာခရီးသွားတစ်ဦး ဟူသတည်း။

သံသရာခရီးသွား။ သည်စကားက ကဗျာဆန်သည်။ အနည်းဆုံး စာပန်းချီဆန်သည်။ ကဗျာနှင့် စာပေက အသုံးအနှုန်း တစ်ခု။ လမ်းမပေါ်မှာ လူတိုင်း နေ့စဉ်သုံးသော အသုံးအနှုန်း မဟုတ်။

သည်လိုဆိုလျှင်…

"မြတ်စွာဘုရား"

မသင်းနုသည် အံ့ဩစွာ ရေရွတ်မိသည်။ သည်လိုဆိုလျှင် ကိုသာစုသည်လည်း ဘဝကို မေ့လာလေသူလော။ သည်ဝတ္ထုတွင်းမှ ဇာတ်လိုက်ကဲ့သို့ မသိစိတ် လွှမ်းမိုးသောကြောင့် ဘဝကို မေ့လာလေသူလော။

မသင်းနု၏ ရင်မှာ ခုန်လာသည်။ ဝတ္ထုကို ပိတ်လိုက်ပြီး ရင်တဖိုဖိုဖြင့် စဉ်းစားခန်း ဝင်သည်။

တကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်ဝတ္ထုထက် ဆန်းပြားသည်။ သည်စကားရပ်ကို ကြားဖူး၏။ မိမိသည် စိတ်ကူးယဉ်ဝတ္ထုထက် ဆန်းပြားသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့နေရပါသလော။

ကိုသာစု၏ အသွင်သည် မသင်းနု၏ မျက်လုံးများတွင် တရေးရေး ပေါ်လာသည်။

မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ။ ဟုတ်သည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ။ ယင်းတို့ကို ရှေးဦးစွာ မြင်ယောင်လာသည်။ မြန်မာဟူသည်က မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများကို တမင်ထားလေ့ မရှိ။ လမ်းသရဲဟူသည့် ကြောင်တောင်တောင် သတ္တဝါများပင်လျှင် ဆံပင်သာ အရှည်ခံကြသည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများကို အရှည်မခံကြ။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ ရှည်ရသည်မှာ မရိတ်သောကြောင့်သာ ဖြစ်သည်။ တစ်နည်းဆိုပြန်တော့ တစ်ချိန်က မှန်မှန် ရိတ်ခဲ့ရမည်။ မှန်မှန်ရိတ်၍လည်း သန်ကြပုံ ရသည်။ တောအရပ်က လူများသည် မုတ်ဆိတ်၊ ပါးမြိုင်းမွေး မရိတ်ကြ။ ဦးကြီးပင်လျှင် သူ့မျက်နှာမှ တစ်ပင်စ၊ နှစ်ပင်စ ထွက်သမျှကို မွေးညှပ်နှင့် နုတ်ပစ်သည်။ ထို့ကြောင့်လည်း ဦးကြီး၏ မျက်နှာမှာ အမွေးအမှင်တို့ မသန်။ မြို့က လူများသာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး

mgyoe.com

mgyoe.com

SAMPLE BOOK


ရိုက်တတ်ကြသည်။ တက္ကသိုလ်အထူးဆိုင်မှာ ကျောင်းသားများကို မှတ်ဆိတ်ရိတ် ဘလိတ်ဓားလေးများ ရောင်းပေးသည်ကို သတိရသည်။ ရိတ်ထားသော မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး စိမ်းစိမ်းရှိသော ပါမောက္ခနှင့် ကထိကများကိုလည်း သတိရသည်။ ဩော်... မိမိ၏ သူငယ်ချင်းမ ဆွေဆွေမြင့်သည် ကျောင်းပိတ်၍ ပြန်ခါနီးတွင် ဗိုလ်ချုပ်ဈေးအတွင်းမှ အင်မ်ဂျီဖိုက်တံဆိပ်အက်ဖတာရှေ့ဖ်လိုးရှင်း ဝယ်သည်ကို တွေ့ရ၏။ ဈေးက အကြီးသား။ လေးဆယ့်ငါးကျပ် ဖြစ်၏။ အရည်လေးက စိမ်းလဲ့လဲ့နှင့် လှ၏။ ရနံ့လေးကလည်း ကြိုင်ကြိုင်သင်းသင်း။ မှတ်ဆိတ်ရိတ်ပြီးလျှင် လိမ်းရသော ဆေးမွှေးရည်ဟု သိရသည်။ ဆွေဆွေမြင့်က သူ့အဖေအတွက် အိမ်ပြန်လက်ဆောင်ဟု ပြောပြသည်။

ကိုသာစုသည်လည်း မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး မှန်မှန်ရိတ်ခဲ့သူ ဖြစ်ရမည်။ ဆွေဆွေမြင့်၏ ဖခင်ကဲ့သို့ ဈေးကြီးသော အက်ဖတာရှေ့ဖ်လိုးရှင်း သုံးသော လူတန်းစားထဲကများ ဖြစ်နေမည်လော။ မပြောတတ်။ မပြောနိုင်။ မည်သူ ပြောနိုင်ပါမည်နည်း။

ကိုသာစု၏ အသားအရေက မှတ်မိသမျှ ဖြူဝင်းသည်။ အဝတ်အစားတို့ကတော့ နွမ်းလှသည်။ ညှိုညှိုညစ်ညစ်လည်း နိုင်သည်။ နွမ်းမည် ညစ်မည်ပေါ့။ ဘာတွေ ကြုံတွေ့ရာခဲ့မှန်းမှ မသိ။ ဩော်... သူ့မျက်လုံးများ။ ခေတ္တ ရင်ဆိုင်ခဲ့ရသော သူ့မျက်လုံးများ။ သည်မျက်လုံးများကတော့ ပျော့ပျောင်းသည်။ ရီရီဝေဝေ ဆွေးဆွေးမြည့်မြည့်လည်း ရှိသည်။

မသင်းနု၏ ရင်မှာ ကရုဏာ တဖွားဖွား ပေါ်လာသည်။ သည်ကြားထဲက ဖိုလည်း ဖို၏။

မိမိအလှကို သူ သိသည်တကား။ နောင်ဘဝတွင် ပို၍ လှပါစေဟုပင် ဆုပေးသွားသည် ဆိုသည် မဟုတ်လား။

မသင်းနုသည် ရှက်ပြုံးလေး ပြုံးမိ၏။ မိမိသည် စိတ်ကူးယဉ်မိနေလေသည်တကား။ အောင်ငြိမ်းသာ သိလျှင် သရော်ဦးတော့မည်။ စိတ္တဇဝတ္ထုတွေဖတ်ပြီး စိတ္တဇဆန်ရုံမက စိတ္တဇဆန် စိတ်ကူးယဉ်သည်ဟုပင် သရော်ဦးတော့မည်။

မသင်းနုသည် ဝတ္ထုကို ပြန်ဖတ်၏။ ခါတိုင်း ဝတ္ထုဖတ်လျှင် ဇာတ်လိုက်၏ အသွင်မှာ မထင်ရှား။ ဝေဝေဝါးဝါးသာ ဖြစ်သည်။ ယခုမူ ဇာတ်လိုက်၏ အသွင်က ထင်ရှားနေသည်။ သူ့အသွင်။ ကိုသာစုအသွင်။

mgyoe.com

mgyoe.com

ဝတ္ထု ဖတ်လိုက်၊ စိတ်ကူးယဉ်လိုက်နှင့် မသင်းနုမှာ နေစောင်း၍ စောင်းလာမှန်း သတိမပြုမိ။ အိမ်ရှေ့မှ ဦးကြီး၏ အသံကြားမှ နေရာမှ ထခဲ့၏။

"ဦးကြီး ကိစ္စတွေ ပြီးပြီလား"

"အေး... ပြီးသလောက် ပြီးပြီဆိုပါတော့ဟာ၊ နင် ငါ့ကို မြစ်ဆိပ် လိုက်ပို့ပါလား"

"ပို့မယ်လေ၊ ကျွန်မ ဘာသယ်ရမလဲ"

"ဟောဒါလေးတွေလေ၊ အခု သယ်ဖို့ မလိုပါဘူး၊ မြစ်ဆိပ်ဆင်းမှ၊ လှည်းဖနောင့်သံတွေ ငါ စိန်လှိုင်တို့ဆိုင် အပ်ထားခဲ့တယ်"

စက်ချုပ်နေရာမှ ဒေါ်လေးက ထလာ၏။

"မိနု ဘာကြောင့် လိုက်ပို့ရမလဲ၊ ကျွန်မ လိုက်ပို့မယ်၊ သယ်စရာရှိ ကျွန်မ သယ်ပေးမယ်"

ဒေါ်လေး စေတနာကို မသင်းနု သိသည်။ အပျိုအရွယ်၊ ပြီးတော့ ကောလိပ်သူ မိမိကို ဒေါ်လေးက ရွှေမင်းသမီးလေးပမာ ထားချင်သည်။ နံနက် ဈေးသွားသည်ကိုပင် မကြိုက်ချင်။

အမေက တောင်းတစ်လုံးတွင် ဆီပုလင်း၊ ဆား၊ လက်ဖက်ခြောက်၊ ငါးခြောက် စသည်တို့ကို ထည့်နေရင်းက ဝင်ထောက်ခံ၏။

"ဟုတ်သားပဲ သမီး၊ ညည်းဒေါ်လေး လိုက်ပို့မှာပေါ့၊ ဟောဒီတောင်း ရွက်နိုင်လို့လား"

"ရွက်နိုင်ပါတယ်၊ ပြီးတော့ ကျွန်မ စာဖတ်တာ ခေါင်းလေးပြီး ညောင်းလဲ ညောင်းနေလို့၊ နော်... ဦးကြီး၊ ဦးကြီးနဲ့ ကျွန်မပဲ မြစ်ဆိပ်ကို လိုက်ခဲ့မယ် နော်"

"အေးပါ၊ ငါကလဲ စကတည်းက နင့်ခေါ်တာပါ၊ အေးမှင်... နင် မလိုက်ပါနဲ့၊ မိနုပဲ လိုက်ပါစေ၊ အဲဒီတောင်း ငါ ထမ်းမယ်"

မသင်းနုနှင့် ဦးကြီးတို့သည် အိမ်မှ ထွက်လာကြ၏။

ဦးကြီးက တောင်းကို ထမ်းသည်။ မသင်းနုက ပိုးသတ်ဆေးဘူးနှင့် အခြားအထုပ်လေးများကို သယ်လာသည်။

ကိုစိန်လှိုင်တို့ ဆိုင်အရောက်တွင် မသင်းနုက ထမင်းဆိုင်ဆီ လှမ်းကြည့်သည်။

mgyoe.com  SAMPLE BOOK 

မသင်းနု၏ ရင်လေး ဖိုသွား၏။ ကြုံမှ ကြုံပြန်ပလေ။ သူ... အဲ... ကိုသာစု က ထမင်း ထိုင်စားနေသည်။ သည်တစ်ကြိမ်တော့ သူ့ရှေ့မှာ ဟင်းခွက်တွေ ဘာတွေနှင့် အကျအန။

ထမင်းဆိုင်ရှင် အဒေါ်ကြီးက မသင်းနုကို ပြုံးနှုတ်ဆက်၏။ သူ့ထံ လည်း မေးထိုးပြီး ညွှန်ပြ၏။

ဦးကြီးက တောင်းကို ချ၏။ ထို့နောက် လှည်းဖနောင့်သံ နှစ်ပြားကို ထမ်း၏။

"မိနု တောင်းကို ငါ့ပခုံးတစ်ဖက် တင်ပေး"

"အို... ဦးကြီးကလဲ တောင်းကိုပါ ကျွန်မ သယ်မှာပေါ့"

"နင့်လက်ထဲမှာလဲ ရှိသေးတယ်၊ တင်ပါ၊ တောင်းကို ငါ့ပခုံးပေါ်"

"ဟင့်အင်း... ကျွန်မ သယ်မယ်"

"တယ်ခက်တာပဲ၊ မောင်စိန်လှိုင်ရေ... အဲဒီတောင်း ငါ့ပခုံးပေါ် တင် စမ်း"

"ကိုစိန်လှိုင် တင်မပေးနဲ့"

ကိုစိန်လှိုင်က ရယ်၏။

"ဒုက္ခပဲ၊ ကျွန်တော် ဘယ်သူ့စကား နားထောင်ရမှာလဲ"

ဘယ်အချိန်က ထမင်းစားပြီးသွားသည် မသိ၊ သူက အနီးကပ်လာ၏။

လက်ဆေးပြီးစမို့ သူ့လက်တွင် ရေတွေ စိုနေသေး၏။ သူက လက်ကို ပုဆိုးနှင့် သုတ်လိုက်ပြီး ဆို၏။

"အဲဒီသံတွေ ကျွန်တော် ထမ်းပေးမယ်"

ဦးကြီးက အကဲခတ်ဟန် မျက်မှောင်တွန့်လျက် သူ့ကို ကြည့်၏။

သူက ပြုံးလိုက်ပြီး ပြော၏။

"လှံထမ်းလာတာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူး၊ သံထမ်း လာတာလဲ မြင်ရတာပဲ၊ ဒီနေ့တစ်နေ့လုံး ကျွန်တော် သံထမ်းနေတာ မြင်ကြ သားပဲ။ မဟုတ်ဘူးလား။ သံထမ်းတော့ ကံလမ်းပွင့်ပြီး ဒီနေ့ ထမင်းကို ဟင်းနဲ့ စားရတယ်၊ အေးလေ... မနေ့ကလဲ ထမင်းကို ဟင်းနဲ့ စားရသားပဲ၊ အဲဒါ ကြောင့် ကံထမ်းလာတာ မမြင်ရဘူး ပြောတာ၊ သိပ်မှန်... အားကြီး မှန်"

ဦးကြီးက မျက်လုံးပြူး၍ သူ့ကို ကြည့်သည်။ အဒေါ်ကြီးနှင့် ကိုစိန်လှိုင် တို့က တခွိခွိ ရယ်ကြ၏။ မသင်းနုက ဣန္ဒြေဆောင်လျက် ပြုံးရုံ ပြုံးနေသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ပေးပါ ဦးကြီး၊ ကျွန်တော် ထမ်းမယ်၊ အဲဒီတောင်းပါ ထမ်းမယ်"

ပြုံးနေရာမှ မသင်းနု၏ ရင်မှာ ကရုဏာ သက်လာသည်။ သူ့ခမျာ ထမ်းချင်ရှာသည်။ ထမ်းမှ လုပ်အားခ ရမည်။ လုပ်အားခ ရမှ သူ ပြောသကဲ့သို့ ထမင်းကို ဟင်းနှင့် စားရမည်။

မသင်းနုက ဝင်တိုက်တွန်း၏။

"ဟုတ်ပါတယ် ဦးကြီးရယ်၊ သူ ထမ်းချင်ရှာလို့နဲ့ တူပါတယ်၊ ထမ်းပါစေ၊ ကဲ... ထမ်း ထမ်း"

တိုက်တွန်းရုံတင်မက မသင်းနုသည် တောင်းကို သူ့ပခုံးပေါ် တင်ပေးလိုက်၏။ ဦးကြီးကလည်း လက်လျှော့လိုက်ဟန်ဖြင့် လှည်းဖနောင့်သံကို သူ့ထံ ပခုံးပြောင်းပေးလိုက်၏။

"ကဲ... ဘယ်ကို သွားရမှာလဲ"

ဦးကြီးက ဖြေ၏။

"အမှတ် (၂) ဆိပ်ကိုလေ"

"ဟာ.... ညောင်ပင်လေးတို့၊ ပန်းဆိုးတန်းတို့၊ မော်တင်တို့ကိုသာ ကျွန်တော်က သိတာ၊ ခင်ဗျားတို့မြို့က ဆိပ်တွေ ကျွန်တော် အကုန် မသိသေးဘူး"

"ဟို ရုပ်ရှင်ရုံနားက ဆင်းတဲ့ ဆိပ်လေကွာ"

"အာ.. သိပြီ၊ သိပြီ"

သူက ရှေ့မှ သွား၏။ ဦးကြီးက မသင်းနု၏ လက်မှ ပစ္စည်းများကို ခွဲယူကာ နောက်မှ လိုက်၏။ မသင်းနုကတော့ နောက်ဆုံးမှ လိုက်လာ၏။

သူက ရှေ့ဆုံးမှ နေ၍ အော်သည်။

"ဘေးကိုဗျ... ဘေးကို၊ ကံထမ်းလာတာ မမြင်ရင် ကိစ္စမရှိဘူး၊ သံထမ်းလာတာ မမြင်မှ ကိစ္စတွေ များကုန်မယ်၊ ဘေးကိုဗျ... ဘေးကို"

သည်လိုနှင့် မြစ်ဆိပ်သို့ ရောက်သွားကြ၏။

ကမ်းပါးတွင် ထွင်းဖောက်ထားသော လှေကားထစ် လမ်းအတိုင်း လှည်းဖနောင့် သံပြားချောင်းတို့ကို သူက ခဲရာခဲဆစ် သယ်ချ၏။

ကူးတို့လှေလေးပေါ်သို့ ပစ္စည်းများ သယ်တင်ကြသောအခါ ရေမစိုရွံ့မပေသော နေရာကတင် ရပ်လျက် မသင်းနုက ကြည့်နေတော့သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ဦးကြီးက သူ့ကို ငွေတစ်ကျပ် ထုတ်ပေးသည်။

သူက ခေါင်းလည်း ခါသည်။ လက်လည်း ကာသည်။

ဦးကြီးက အံ့သြစွာ ဆို၏။

"ဟေ... ဘယ်လိုလဲ၊ နည်းလို့လား"

"အို... အို... မနည်းပါဘူး၊ တစ်တျပ် ဆိုတာ ဘယ်နည်းမလဲ၊ တစ်ကျပ် နှစ်ခါ ဆိုရင် ထမင်းတစ်နပ် ကြက်သားဟင်းနဲ့ စားလို့ ရတာကြီး"

"ဒါဖြင့် ယူလေ"

သူက ခေါင်းခါမြဲ ခါ၏။ ထို့နောက် မသင်းနုကို လှမ်းကြည့်၏။

မသင်းနုကလည်း ချိုသာစွာ ပြုံးပြပြီး တိုက်တွန်း၏။

"ယူလိုက်လေ"

သူ့မျက်နှာက တစ်မျိုး ပြောင်းသွား၏။ ညှိုးသွားသည်ဟု မသင်းနု ထင်သည်။

သူက တည်ငြိမ်စွာ ပြော၏။

"ဆာနေတုန်း ကျွေးတဲ့ ထမင်းတစ်နပ်ဟာ တန်ဖိုးဖြတ်လို့ မရပါဘူး၊ ခက်ထန်ပါတယ် ဆိုတဲ့ လောကမှာ ငတ်နေသူကို ထမင်းကျွေးတဲ့ ကရုဏာရှင်တွေ ရှိတာ ကျွန်တော် သိပြီ၊ ဒီလိုပဲ၊ ယုတ်မာတယ် ဆိုတဲ့ လောကမှာ ကျေးဇူး သိတတ်တဲ့ လူတွေ ရှိပါတယ်"

သည်လိုဆိုပြန်တော့ သူ့စကားက ခန့်ညားနေပြန်သည်။

မသင်းနု၏ရင်မှာ လှိုက်လာ၏။ မျက်လုံးတို့တွင် မျက်ရည်လေးများပင် အနည်းငယ် စို့လာသည်။

"ဪ... ရှင် ဆိုလိုချင်တာက ကျွန်မတို့က ပိုက်ဆံ မပေးရင် ရှင် စိတ်ချမ်းသာမယ်ပေါ့"

"ကျုပ်စိတ်ကို မိန်းကလေး သိသားပဲ"

"ဒါပေမဲ့ ရှင် ထမင်းစားဖို့က လိုသေးတာပဲ မဟုတ်လား"

"ကျုပ်မှာ အခု ပိုက်ဆံတွေ အများကြီး ရှိတယ်"

သူက အိတ်အတွင်းမှ ကျပ်တန်များကို နှိုက်ယူပြ၏။

"မြင်လား၊ ငါးကျပ်တောင်"

မသင်းနု ဘာမျှ မပြောနိုင်။ ဘာမျှလည်း မပြောရက်တော့။ ခများ စိတ်ချမ်းသာပါစေ။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဦးကြီးကမူ သူတို့နှစ်ဦး ပြောနေကြသည်ကို တစ်လုံးမျှ နားမလည်။ သူ့ကို တစ်လှည့်၊ မသင်းနုကို တစ်လှည့် စူးစမ်းဟန် ကြည့်နေ၏။

မသင်းနုက သက်ပြင်းလွှတ်ပြီး ပြုံးလျက် ဦးကြီးကို ပြောသည်။

"ဦးကြီး ပိုက်ဆံ မပေးပါနဲ့တော့၊ မနေ့က သူ့ကို ကျွန်မ ကူညီဖူးတယ်၊ အခု သူက တုံ့ပြန် ကူညီတယ်၊ ဩော်... ကျေးဇူးတင်ပါတယ်ရှင်"

သည်တော့မှ သူက ပြုံးသည်။

ဦးကြီး လှေပေါ် တက်အပြီး၌ ကူးတို့သမားကို ကူ၍ သူက လှေကို ရေလယ်သို့ တွန်းပေးသည်။ သူလည်း လှေပေါ်သို့ တက်လိုက်၏။

ဦးကြီးက အနည်းငယ် အံ့ဩလျက် မေးသည်။

"မောင်ရင်က ဟိုဘက်ကမ်း လိုက်မလို့လား"

"ဟုတ်ကဲ့၊ အဲဒီမှာလဲ ကျွန်တော် သယ်ပေးဦးမယ်"

"အို... မောင်ရင် ဒီဘက်ကမ်း ဘယ်လို ပြန်မလဲ"

"ကိစ္စ မရှိပါဘူး၊ ညနေ ရောက်တော့မယ်၊ အိပ်တန်း တက်ချိန်"

"ဘယ်လို..."

"ကျေးငှက်တွေ အိပ်တန်းတက်ချိန်၊ ကျွန်တော်လဲ အဟဲ... အုံးစက် ရာဝင်ချိန်"

"ဩော်... မောင်ရင်လဲ ဒီဘက်ကမ်းမှာ နေသလား"

"ဟုတ်ကဲ့"

ဦးကြီးသည် ဘာမျှ ဆက်မမေးတော့ဘဲ ခွာလာရာ ကမ်းဘက်ဆီ ပြန်ကြည့်၏။

မသင်းနုက ကမ်းပါးထိပ်သို့ ပြန်ရောက်နေပြီ။ ဦးကြီးကို လက်ကလေး မြှောက်ပြ နှုတ်ဆက်ပြီး မသင်းနု မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

တစ်ဖက်ကမ်းသို့ ရောက်သောအခါ သူက လှည်းဖနောင့်သံများကို ပြန်ထမ်း၏။

ဦးကြီး၏ လယ်တဲက ကမ်းမှ ကိုက်ငါးရာခန့် ဝေးသည်။

မြေပဲပင် ပုလေးများ ထနေပြီ ဖြစ်သော လယ်တို့ကို ကန်သင်းရိုးအတိုင်း ဖြတ်၍ လာခဲ့ကြသည်။

လယ်တဲရှေ့တွင် လှည်းဖနောင့်သံများကို ချပြီးနောက် သူက နှုတ်ဆက်၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ကျွန်တော် ပြန်ပါဦးမယ်"

"ဪ... အေးအေး၊ ဒါထက် မင်းက ဘယ်နေလဲ"

"ဟိုး... ဘက်"

"ကောင်းပါပြီကွယ်၊ စေတနာနဲ့ ကူညီတာ၊ သာဓု... သာဓု"

သူသည် စိတ်လက်ပေါ့ပါးဟန် လေလေးတချွန်ချွန်ဖြင့် ကမ်းနားဘက်သို့ ပြန်သွား၏။

သည်တော့မှ သတိရကာ သူ ညွှန်ပြခဲ့ရာ ဘက်ဆီ ဦးကြီး ကြည့်၏။

အဲသည်ဘက်မှာ ရွာလည်း မရှိ။ အိမ်လည်း မရှိ။

ရှိသည်က မြစ်ကမ်းနှင့် သောင်ခုံ။

နားမလည်နိုင်သော ဦးကြီးက ခေါင်းခါယမ်းရင်း သူ သွားရာကို လှမ်းကြည့်နေမိ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

ဇန်နဝါရီလအတွင်း ရောက်လာခဲ့သည်။

သံ၊ သွပ်၊ သစ် စသော ပစ္စည်းများသည် လေးမျက်နှာမြို့သို့ အဆက်မပြတ် ရောက်လာနေသည်။

လေးမျက်နှာတစ်ဝိုက်ရှိ ဆန်စက်များ၏ ခေါင်းတိုင်တို့ဆီ မီးခိုးမပြတ်အောင် ရှိနေသည်။ ဆန်စက်တို့ရှေ့ ဝန်မြစ်၏ ဆိပ်ကမ်းတို့တွင်လည်း စပါးလှေများ နေ့စဉ် စီတန်း ဆိုက်ကပ်လျက် ရှိ၏။

တစ်နေ့တာ အလုပ်စခန်း ပြီးသွားသော ကိုသာဝသည် မြစ်ကမ်းပါးထိပ်တွင် ကျကျနန ထိုင်၍ ဆေးပေါ့လိပ် ဖွာနေ၏။

ဘဝကို သူ ကျေနပ်နေ၏။ ကြည့်ပါ… ဘာလိုသေးသနည်း။

ရောက်စနေ့ကတော့ ထမင်းတစ်နပ်အတွက်ပင် ပူခဲ့ရသည်။ ယခုတော့ တစ်နေ့ နှစ်နပ် စားနိုင်ပြီ။ ဆေးပေါ့လိပ်ပင် မှန်မှန်ဖွာနိုင်ပြီ။ ဩော်… အိပ်တွင်းမှာ စီးကရက်တစ်လိပ် ရှိသေးသည်။ စီးကရက်ကိုတော့ ထမင်းစားပြီး လက်ဖက်ရည် ချိုချိုခါးခါး တစ်ခွက်သောက်ပြီးမှ ဇိမ်ခံဖွာမည်။

တစ်နေ့လုံး သယ်ရပိုးရ ထမ်းရသည်ကြောင့် မောသည်။ မောနေတုန်း ထမင်းစားရသည်မှာ မကောင်း။ ဆေးပေါ့လိပ်လေး ဖွာ၍ အမောဖြေဦးမည်။ ရေဆင်းချိုးလိုက်ရလျှင် ပိုကောင်းမည် ထင်၏။ လူလည်း လန်း၍ စိတ်လည်း လန်းသွားမည်။

mgyoe.com

mgyee.com  SAMPLE BOOK 

ရေချိုးရန်ကမူ မဖြစ်သေး။ မိမိမှာက ပုဆိုးတစ်ထည်တည်း ရှိ၏။ အင်း... ငွေလေး စုပြီး ပုဆိုးတစ်ထည်တော့ ဝယ်ဦးမည်။ ပုဆိုးတစ်ထည်တည်း ဆိုတော့ နေဝင် လူပြတ်မှ ရေချိုးရဲသည်။ ဘဝမှာ သည်တစ်ချက်လေးသာ လိုနေသည်။ အခြားတော့ ဘာမျှမလို။ ထမင်းနပ်စေ့အောင် စားနိုင်ပြီး တစ်နေ့ စီးကရက် တစ်လိပ်ပင် သောက်နိုင်နေမှ အခြား ဘာလိုရဦးမည်နည်း။

လုပ်အားတန်ဖိုး ချစ်မြတ်နိုး။ အဲ... သည်စကားကို ဘယ်မှာ ကြားဖူးပါလိမ့်။ ထားပါတော့။ လုပ်အားတန်ဖိုးသည် မိမိအတွက်မူ အမှန်ပင် ချစ်မြတ်နိုးဖွယ် ကောင်း၏။ ထမ်းလိုက်မည်၊ ပိုးလိုက်မည် ဆိုပြန်တော့ သည်မြို့လေးမှာက အလုပ်မရှား။

ဟိုတစ်လောက ဆန်စက်တွေဆီ လျှောက်ကြည့်ခဲ့သေးသည်။ ဆန်စက်တွေနှင့် တွဲဖွင့်ထားသော စပါးဒိုင်တွေမှာ စပါးလာသွင်းသူတို့ မပြတ်။ စပါးတွေလည်း တောင်လို ပုံနေသည်။ စက်တွေကလည်း မပြတ်လည်နေသည်။ သည်တော့ သယ်ရန် ပိုးရန် လူက မလောက်။ ကလေးသာသာလေးများပင် ဝင်၍ သယ်နေကြသည်။

ဆန်စက်မှာ မိမိ ဝင်ထမ်းဖို့ မလိုသေး။ မြို့ပေါ်မှာတင် အလုပ်တွေ ရှိနေသေးသည်။

ဈေးတစ်ဝိုက်မှာ ဟိုဟာ ထမ်း၊ သည်ဟာ ထမ်း လုပ်သည်နှင့်ပင် တစ်နေ့ ငါးကျပ်၊ ခြောက်ကျပ်ကတော့ တိမ်တိမ်မြည်နေသည်။

သူတို့က မိမိကို မေတ္တာထားကြသည်။ အင်းလေ... ထားကြမည်ပေါ့။ မင်းတရား ဘအေးနှင့် ယှဉ်လိုက်တော့ အင်း... အဟင်း... သာစုတို့က ချစ်စရာ၊ ကြည်ညိုစရာ၊ အဟဲ...။

သာစု၊ မိမိနာမည် ကိုသာစု။ သူတို့ ခေါ်ကြသော အမည်။ ခေါ်ကြပါစေလေ။ နာမည် ဆိုသည်က လူခေါ်ဖို့။ သာစုလို့ ခေါ်ကြတော့ အဲ... သာစု ဖြစ်သွားရုံပေါ့။ ဘာများ ကန့်ကွက်ရန် ရှိပါသနည်း။ မရှိပါ။

သာစုဘဝ သာစုသာ သိသည်။ ယခု သာစု စိတ်ချမ်းသာနေသည်လေ။ ဘယ်သူ ဘာပြောမည်နည်း။

ကိုသာစုသည် အမောပြေ၍ ထမင်းစားသွားရန် နေရာမှ ထလိုက်၏။ သြော်... ညနေက မှောင်ရီရီ ရှိနေသည်။ မိုးသားကြောင့်ပါတကား။

mgyee.com

 mgyoe.com SAMPLE BOOK 

အနောက်တောင်ဆီမှာ မိုးသားတွေ ရှိနေသည်။ ဆောင်းတွင်းကြီး မိုးသားတွေ ရှိနေပါတကား။

ကိုသာစုသည် ထမင်းဆိုင်သို့ ရောက်လာခဲ့၏။

အဒေါ်ကြီးက ပြုံးရွှင်စွာ ဆီးကြိုသည်။

"မောင်သာစုတို့က တယ် အချိန်မှန်ပါလားဟေ့"

"အချိန်မှန်ဆို ကျွန်တော့်နာရီက သော့မပေးဘဲနဲ့ကို မှန်နေတာကိုး"

"အလို... မင်းမှာ နာရီရှိတယ်"

"ရှိသပေါ့၊ သိပ်ရှိ"

"ဘယ်မှာလဲ"

ကိုသာစုက သူ့ဗိုက်ကို ပုတ်ပြ၏။ အဒေါ်ကြီးက ရုတ်တရက် နားမလည်။ သူက ရှင်းပြ၏။

"ကျွန်တော့်နာရီက ပါစကာ မီးအားနဲ့ ခုတ်တာ၊ သွင်းဖို့လဲ အချိန် မှန်မှန် အော်တယ်၊ ထုတ်ဖို့ကျ သာအချိန်မှန်သေးတယ်၊ အဲဒီကိစ္စကျတော့ နောက်ကျရင် သည်းမခံဘူး၊ တကယ့်နာရီဗျ၊ အဲလေ... အဲဒီကိစ္စကျတော့ နာရီ မဟုတ်တော့ဘူး၊ နာရှုံ့ဖြစ်သွားသဗျ"

သဘောပေါက်သွားသော အဒေါ်ကြီးက ရယ်မောပြီး ထမင်း၊ ဟင်းများ ပြင်ပေး၏။

ကိုသာစု ထမင်းစားနေခိုက် အဒေါ်ကြီးက သူ့ကိုယ်သူ ပြောဟန် ညည်း၏။

"မိုးက အုံ့လိုက်တာ၊ ရွာမျှား ရွာဦးမလား မသိဘူး"

တစ်ဖက်ဆိုင်မှ ကိုစိန်လှိုင်က ဖြေ၏။

"ရွာဦးမလား မဟုတ်ဘူး၊ ရွာမယ်၊ ရွာရုံ မကဘူး၊ မုန်တိုင်း လာမယ်တဲ့"

"ဟဲ့... တကယ်လား"

"ညက ရေဒီယိုမှာ ကြေညာသွားတယ်၊ မုန်တိုင်းငယ် တစ်ခုတဲ့၊ ပုသိမ် တောင်ဘက် ဘယ်နှမိုင်မှာ ဆိုလဲ ဗဟိုပြုနေတယ်တဲ့၊ မြောက်ဘက်ဆီ ရွေ့လာ နေသတဲ့၊ မနက်က တစ်ခါ ထပ်သတိပေးတယ်"

"ဒါဖြင့် သေချာတယ်ပေါ့"

"သေချာပါတယ်၊ အခု မိုးလေဝသ သတင်းက သိပ်မှန်တယ်၊ တောင်သူ လယ်သမား ဦးကြီးတွေအတွက်တောင် သတိပေး နှိုးဆော်သွားသေးတယ်"

mgyoe.com

မိုးရွာမည်၊ မုန်တိုင်းလာမည်၊ သည်စကားရပ်က ကိုသာစုကို တုန်လှုပ်သွားစေသည်။

ကိုသာစုသည် ထမင်းကို လျင်မြန်စွာ စားပြီး လက်စသတ်လိုက်၏။

"မြန်လှချည်လား မောင်သာစုရဲ့၊ စားမကောင်းဘူးလား"

"စားကောင်းပါတယ်၊ ဒါပေမဲ့ မိုးရွာမယ် ဆိုတော့ ကျွန်တော်... အဲ.... အိမ်သွားပြင်ရဦးမယ်"

"ဪ... မောင်သာစုကလဲ အခု အိုးနဲ့ အိမ်နဲ့လား"

"ခရစ်ယာန်တွေ ဆိုတဲ့ သီချင်းတစ်ပုဒ် ကြားဖူးတယ်၊ မြေခွေးမှာ တွင်းရှိ၏၊ ငှက်များလဲ အသိုက် ရှိ၏ တဲ့၊ အဲ... သာစုမှာလဲ အသိုက်ရှိတယ်ပေါ့ဗျာ"

ယင်းသို့ ဖြေပြီး လက်ဖက်ရည်ပင် မသောက်တော့ဘဲ ကိုသာစုသည် တစ်ဖက်ကမ်းသို့ ကူးလာခဲ့၏။

အမှန်လည်း သူ့စံရာမှာ အိမ် မဟုတ်၊ အသိုက် သာတည်း။

ပထမတစ်ညကတော့ သောင်ပြင်မှာ အိပ်သည်။ အိပ်ရသည်မှာ မဆိုး။ သို့ရာတွင် ချမ်းလှသည်။ မနက်ကျတော့ ကိုယ်တွေ လက်တွေ နာသည်။

နောက်တစ်နေ့ကစ၍ အသိုက်ကလေး လုပ်ရ၏။

သောင်ပြင်နှင့် ကမ်းပါးစပ်မှာ သောင်မထွန်းမီ ရေစားထားသော လိုဏ်လေး တစ်ခု ရှိသည်။ လိုဏ်လေးသည် ကမ်းပါးနံရံတွင်း အတန်လှိုက်ဝင်နေ၏။ သည်လိုဏ်လေးကို အချိန်ယူပြီး စိတ်ရှည်လက်ရှည် ပြုပြင်လိုက်သောအခါ လူတစ်ယောက် အိပ်သာရုံ လိုဏ်ဂူလေး ဖြစ်လာ၏။ အောက်ခံမြေက သဲမြေပွ ဖြစ်သောကြောင့် တူးရ ယက်ရ လွယ်သည်။ သူက အိပ်ရန် မြေအဆင့်လေးပင် လုပ်ထား၏။ သည်မြေအဆင့်ပေါ်မှာ ကောက်ရိုးတွေကို ဖြန့်ခင်းထားသည်။ အဲသည်အပေါ်တွင် ဂုန်နီအိတ်စုတ် နှစ်ထည် ဆက်၍ ထပ်ခင်းထား၏။ ခြုံရန်လည်း အခြား ဂုန်နီအိတ်စုတ်တစ်ခု ရှိသေးသည်။

ကိုသာစုသည် မိမိ၏ အသိုက်လေးကို သေချာစွာ စစ်ဆေးကြည့်၏။

တော်ရုံတန်ရုံ မိုးကတော့ မစိုးရိမ်ရ။ မိုးပက်မည်ကို လုံးဝပူရန် မလို။ မိုးကြီး၍ နံရံပြိုကျလျှင်တော့...။

အဲသည်လို ဆိုလျှင်တော့ ဒုက္ခ။ မိမိ ဘာမျှ မတတ်နိုင်။ ဆောင်းတွင်း ရွာသော မိုးသည် မကြီးတန်ရာ။ မကြီးပါစေနှင့်ဟု ဆုတောင်းရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုသာစုသည် နံရံများကို သေချာစွာ ကြည့်၏။ ဘေးနံရံများကတော့ မည်သည့်နည်းနှင့်မျှ မပြိုနိုင်။ အပေါ်နံရံ၊ သို့မဟုတ် အမိုးသာ စိုးရိမ်ရသည်။ သို့တစေ အမိုးသည်လည်း ထူသည်။ အမိုးမှ ကမ်းပါးထိပ် မြေပြင်အထိက မြေသား ထု သုံးပေခန့် ရှိသည်။

မိမိ၏ သိုက်မြုံနန်းကို စစ်ဆေးကြည့်နေရာမှ ကိုသာစု၏ မျက်လုံးများ သည် ခပ်လှမ်းလှမ်းရှိ ဆန်စက်ကြီးဆီ ရောက်သွား၏။

ဩော်... မိမိ၏ သိုက်မြုံလေး ပျက်စီးသွားစေ၊ ဆန်စက်ကြီးတွင် သွားခိုလှုံ၍ ရမည်။ ခေတ္တခဏ ခိုလှုံလာသူကိုတော့ သူတို့ မောင်းထုတ်မည် မထင်။ မိမိ ကလည်း ခေတ္တခဏသာ ခိုလှုံပါမည်။ လူတွေနှင့် ရှုပ်ရှုပ်ယှက်ယှက် မိမိကလည်း မနေချင်ပါ။

ပူပင်သောက အေးသွားသော ကိုသာစုသည် ခံတွင်းချဉ်လာသည်ကို သတိပြုမိ၏။

အင်း... အလကား စိတ်ပူပြီး လက်ဖက်ရည် မသောက်ခဲ့ရ၊ လက်ဖက်ရည် မသောက်ခဲ့ရသည်တိုင်စေ ထမင်းစားပြီးစ ဆိုတော့ ခံတွင်းက ချဉ်သည်။

ကိုသာစုသည် အိတ်တွင်းမှ စီးကရက်ကို ထုတ်ယူကာ မီးညှိဖွာရှိုက်၏။

စီးကရက်ကို ဖိမ်နှင့် မှိန်းရင်းက ဆန်စက်ကြီးဆီ ငေးကြည့်နေမိသည်။

ဆန်စက်ဝင်းအတွင်းမှာ စပါးပုံတွေ ရှိသည်။ သည်စပါးပုံတွေ မိုးစိုကုန်လျှင် ဘယ့်နှယ် လုပ်မည်။ ဩော်... မုန်တိုင်းလာမည်ကို စက်တာဝန်ခံတွေ သိမှာပေါ့။ ကြိုကြိုတင်တင် ကာကွယ်ရန် သူတို့ စွမ်းမှာပေါ့။ ရေဒီယိုကလည်း ကြိုတင် သတိပေးထားသည် ဆိုသည်။

လယ်သမားကြီးတွေ သိနိုင်ပါမည်လော။ လယ်သမားတိုင်းမှာ ရေဒီယို ရှိ၏လော။

ကိုသာစု၏ မျက်လုံးများတွင် သဏ္ဍာန်လေးတစ်ခု ပေါ်လာသည်။

ကလေးမ။ အင်္ကျီက ဖြူဖြူ၊ ထဘီက ဝါဝါ၊ အသားက ဝါဝါ၊ အဲသည်ပုံ စ,တွေ့သည်။ နောက် တွေ့သည့် အခါများမှာတော့ ထဘီ၊ အင်္ကျီ အရောင်တွေက တစ်မျိုး။ သို့ရာတွင် ကိုသာစု၏ မျက်လုံးများ၌ အင်္ကျီအဖြူ ထဘီအဝါနှင့် အသားဝါလေးသာ စွဲနေသည်။

မသင်းနု။ နာမည်ကိုပင် သာစုတို့ သိနေပြီ။ လူချင်း သိပြီဟုပင် သာစု ကြွားနိုင်ပြီ။ မသင်းနု ဈေးဝယ်လာသည်နှင့် လေးငါးခါ ဆုံဖူးသည်။ ကလေးမက

mgyoe.com

m g y o e . c o m SAMPLE BOOK

မိမိကို ပြုံးပြုံးနှုတ်ဆက်သည်။ မိမိကလည်း ပြန်ပြုံးရသည်ပေါ့။ သို့ရာတွင် သာစု စိတ်မကောင်း။ သာစု ဝမ်းနည်းသည်။

ကိုသာစု၏ မျက်လုံးများတွင် ဦးကြီးတစ်ဦး ပေါ်လာ၏။ မသင်းနု၏ ဦးကြီးလော၊ ဘကြီးလော။

ဦးကြီးသည်လည်း တောင်သူလယ်သမားကြီး တစ်ဦး။ ဦးကြီးကော မုန်တိုင်းလာမည်ကို သိရဲ့လော။

ကိုသာစုသည် မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ထို့နောက် တိုနေပြီ ဖြစ်သော စီးကရက်ကို နောက်ဆုံးတစ်ချက် ဖွာရှိုက်ကာ သောင်ပြင်ပေါ် လွှင့်ပစ်လိုက်ပြီး နေရာမှ သုတ်သုတ်ထွက်လာခဲ့၏။

◆

ကြက်တူရွေးစာပင်။ ရှားယားပင်။ မန်ကျည်းပင်။ သရက်ပင်။ ဤလေးပင်တို့ ဝိုင်းထားအပ်သော တလင်းမြေပေါ်တွင် ကောက်လှိုင်းစည်းတို့ ရှိနေသည်။ စပါးပုံကလည်း အတန်မြင့်နေပြီ။ တလင်းမြေကို ကျော်၍ ကြည့်လိုက်လျှင် မြေပဲပင်တို့ တန်းလန်းညီညီ စီနေသော လယ်မြေတို့ကို တွေ့ရမည်။

လယ်တဲ၏ ခေါင်းရင်းဘက်တွင် သီးနုတွေ ခိုတွဲနေသော ပင်လယ်လဲပင် ရှိ၏။ ခြေရင်းဘက်တွင်ကား အတန်ကြီး၍ အရိပ်ကောင်းကောင်း ပေးနေသော တရုတ်မန်ကျည်းပင် တစ်ပင်နှင့် နွားခေါင်းပူပင် ပင်ပျိုတစ်ပင် ရှိ၏။

လယ်တဲ၏ နောက်ပိုင်း၌ စပါးပုတ်ကြီးများ တင်ထားသော ပုတ်စင် နှစ်လုံးနှင့် နွားတဲ ရှိသည်။ လယ်တဲ၏ နောက်ပိုင်းတစ်ခုလုံးကို ခြံခတ်ထားပြီး တရုတ် မန်ကျည်းဆူးခက်များ ချထား၏။ ဆူးခြံအတွင်း မြေလွတ်တွင် ခရမ်းရှည်ပင်၊ ရုံးပတီပင်၊ ငရုတ်ပင်နှင့် ချဉ်ပေါင်ပင် အခင်းများ ရှိ၏။

လယ်တဲ၏ ရှေ့တန်းစင်တွင် ခြေတွဲလောင်း ချထိုင်ရင်းက ဦးကြီး ထွန်းသာသည် တလင်းမြေဆီ ငေးကြည့်နေ၏။

မြေပဲပင်တို့က စွယ်မကျသေး။ စွယ်ကျချိန် နီးလုပြီ။ စွယ်မကျခင် အချိန်မီ ကြားလိုက်၍ မြေတောင်မြှောက်ခဲ့ရသည်။ စပါးလည်း နယ်လိုက်ရသေး၏။

အသက်က စကားတော့ ပြောပြီ၊ ဦးကြီးထွန်းသာမှာ တစ်နေကုန် အလုပ်အပြီး၌ အနည်းငယ်ကလေး မောနေသည်။ မောသည်မှာ ကိစ္စမရှိ။-အမောဖြေလိုက်လျှင် ပြေသည်။

ဒူးနှင့် အဆစ်အမြစ်များက ကိုက်နေသည်။ ရာသီလေကလည်း မိုးလေပမာ စိမ့်လာနေ၏။

မိုးများ ရွာဦးမည်လော။ မြေကြွက်ကြီးများ ထွက်သည်ကိုတော့ သတိထားမိသည်။

တပေါင်းလ မပြည့်မီအထိ မိုးလာနိုင်သေးသည်ကို ဦးကြီး သိသည်။ နတ်တော်၊ ပြာသိုတွင်လည်း တစ်ခါ တစ်ခါ ရွာတတ်သည်။

စပါးနယ်ခြင်းက နောက်နှစ်ရက်ခန့် ဆိုလျှင် ပြီးတော့မည်။ ပြီးပြီးချင်း ဒိုင်ဆီ ပို့သည့်ဟာ ပို့မည်။ ဝမ်းစာအတွက် လှောင်သည့်ဟာ လှောင်မည်။

သည်အတောအတွင်း မိုးတော့ မလာပါစေနှင့်ဦး။

ဆုသာ တောင်းရသည်၊ မိုးရိပ်မိုးခြည်ကို ဦးကြီး မကြိုက်။ သည်နေ့ညနေပိုင်းမှ ရုတ်တရက် မိုးသားတို့ တက်လာခဲ့သည်။

ဘာသဘောနည်း။ မိုးက ရွာဦးမည်လော။ ရွာလျှင်ကော ဘယ်လောက်ရွာမည်နည်း။ ဖြိုးဖြိုးဖြောက်ဖြောက် ဆိုလျှင်တော့ ကိစ္စမရှိ။ များသောအားဖြင့်လည်း ဖြိုးဖြိုးဖြောက်ဖြောက်သာ ရွာတတ်သည်။

တော်ပါသေး၏။ တာဝန်အရ သွင်းရမည့် စပါးတင်းရေ အပြည့်အဝကို ဒိုင်မှာ သွင်းခဲ့ပြီးပြီ။ ကျန်သည်က မိမိအပိုင်။ ဝမ်းစာဖယ်၍ ဒိုင်မှာ ရောင်းလျှင်အထူးနှုန်းရမည်။ အပြင်သို့ ရောင်းရန် ဦးကြီး စိတ်မကူး။ အစိုးရဒိုင်မှာပင် သွားရောင်းမည်။ ယခုနှစ် အစိုးရပေးသော ဈေးနှုန်းကို ဦးကြီး ကျေနပ်သည်။ ဈေးနှုန်းကိုတင်မက အခွင့်အရေးများကိုပါ ဦးကြီး ကျေနပ်သည်။ လှည်းဖနောင့်သံနှင့် အိမ်ရိုက်သံများကိုပင် မိမိ ရပြီ မဟုတ်လော။ စွပ်ကျယ်နှင့် ပုဆိုးစများလည်း ရဦးမည်။

သူ့ဘက်က တာဝန်ကျေတော့ ကိုယ့်ဘက်ကလည်း တာဝန်ကျေရမည်။

သည်အတွေးတို့ဖြင့် ဦးကြီး ငေးနေခိုက် သူ့ရှေ့တွင် လူတစ်ယောက်လာရပ်၏။

"ဪ...."

mgyoe.com

အံ့ဩသံသာ ပြုမိသည်။ သူ့ကို ဘယ်ပုံ နှုတ်ဆက်ရမည် ဦးကြီး မသိ။ သူ့နာမည်ကိုလည်း ဦးကြီး မသိ။ လူကိုတော့ ကောင်းစွာ မှတ်မိသည်။

ကိုသာစုကမူ တည်ငြိမ်စွာဖြင့် ပြော၏။

"ဦးကြီးကို ကျွန်တော် အရေးကြီးတဲ့ သတင်း လာပို့တာ"

"ဟေ… သတင်း၊ ဘာတဲ့လဲကွ"

"ကျွန်တော် ခုပဲ ဟိုဘက်ကမ်းက ပြန်ရောက်တာ၊ ကိုစိန်လှိုင်ကို သိတယ် မဟုတ်လား"

"အေး… သိတယ်"

"ကိုစိန်လှိုင်က ပြောတယ်၊ ရေဒီယိုက ကြေညာသွားတယ် တဲ့၊ မိုးရွာမယ်၊ မုန်တိုင်းလာမယ် တဲ့"

"ဟေ… တကယ်"

"တကယ်၊ မုန်တိုင်းက ပုသိမ်တောင်ဘက် ဘယ်နှမိုင်မှာ ဆိုလဲ ဗဟို ပြုနေတယ် တဲ့။ အခု မြောက်ဘက်ဆီ ရွေ့လာနေတယ် တဲ့။ မနက်ကလဲ တစ်ခါ ထပ်သတိပေးတယ် တဲ့၊ တောင်သူလယ်သမား ဦးကြီးတွေကို အထူး သတိပေး နှိုးဆော်သွားသတဲ့"

"ဟေ… တောင်သူလယ်သမား ဦးကြီးတွေကို နှိုးဆော်သွားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲ… ကျွန်တော် ကြားတာတော့ မဟုတ်ဘူး၊ ကိုစိန်လှိုင် ပြောတာ"

ဦးကြီးသည် တဲစင်ပေါ်မှ ဆင်းလိုက်ပြီး တောင်ဘက်ဆီ မျှော်ကြည့်၏။

မိုးသားတို့ အမှုန်ပင် တက်နေ၏။ လေကလည်း တောင်ဘက် မကျ တကျဆီမှ လာနေသည်။ အမှန်က ဆောင်းမှာ လေသည် မြောက်ဘက်မှသာ လာရမည်။

ဦးကြီးသည် ခေါင်းတစ်ချက် ကုတ်လိုက်ပြီး တလင်းဆီ ကြည့်၏။

စပါးပုံက ရွှေရောင် ဝင်းနေသည်။ ထပ်ထားသော ကောက်လှိုင်းစည်းများတွင်လည်း ရွှေရောင်အနံ့များ မြင်နိုင်သည်။

မိုးသာ မိလိုက်လျှင်…

"ဦးကြီး… အဲဒီ စပါးတွေကို ထည့်ထားစရာ မရှိဘူးလား"

mgyoe.com

mgyoe.com

"ရှိတော့ ရှိတယ်၊ ပုတ်စင် ငါ မမိုးရသေးဘူး"

"မမိုးရသေးရင် မိုးလိုက်ပေါ့၊ ကျွန်တော် ကူပေးမယ်"

"မင်း ကူပေးမယ်၊ မင်း ဓနိမိုးတတ်လား"

"တတ်တော့ မတတ်ဘူး၊ ဒါပေမဲ့ ကြည့်လုပ်ရင်တော့ ရရမှာပေါ့၊ ဘာမှ မလုပ်တာထက် တစ်ခုခု လုပ်ရင် မကောင်းဘူးလား"

"ဘာမှ မလုပ်တာထက် တစ်ခုခုလုပ်ရင်၊ အေး... မင်းစကား မဆိုးဘူး၊ ကဲ... ခဏ ဒီမှာ နေရစ်ဦး၊ ငါ ဟိုဘက် သွားအကူ ခေါ်ဦးမယ်"

ဦးကြီးသည် အတန်လှမ်းလှမ်းရှိ ရွာလေး တစ်ရွာဘက်သို့ ထွက်သွား၏။

သူက တဲကပြင်တွင် ထိုင်စောင့် ကျန်ရစ်၏။

မှောင်ရိပ်တို့ ကျလာပြီ။ မကြာမီ မိုးစုပ်စုပ် ချုပ်တော့မည်။

နာရီဝက်ခန့် အကြာ၌ လူနှစ်ဦး တဲဆီသို့ သုတ်သုတ် လာနေကြသည်ကို မသဲမကွဲ လှမ်းမြင်ရ၏။

အနီးရောက်သောအခါ ရှေ့မှ ဦးကြီးက ပြော၏။

"ကြိုတင် ပြောမထားတော့ အကူတစ်ယောက်ပဲ ရခဲ့တယ်ကွာ၊ ရှိသမျှနဲ့ပဲ လုပ်ကြတာပေါ့။ တိမ်တေ လေဇက် လျှပ်စက်ပန္နော သံတယော၊ အချိန်တော့ ရဦးမယ် ထင်တာပဲ၊ ဒါထက် မောင်ရင့်နာမည် ဘယ်သူ..."

"ကျွန်တော့် နာမည်လား..."

သူသည် ခေတ္တ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွား၏။ နာမည်... ကျွန်တော့် နာမည်၊ ဟယ်... မထူးပါဘူး၊ နာမည်ဆိုသည် လူခေါ်ရာပေါ့။

"သာခု"

"ဘာရယ်"

"ကျွန်တော့်နာမည် သာခု၊ မောင်သာခု"

"အေး... မောင်သာခုရေ၊ အလုပ်စကြတာပေါ့"

ကံကောင်းသည်။ တစ်နေ့ကပင် ဓနိ ဝယ်ထားမိ၏။ အချိန်မဟုတ် မိုးလာတတ်သည်ကို ဦးကြီး နားလည်သည်။ တလင်းကိုပင် နည်းနည်းချင်း ခွဲနယ်ခဲ့သည်။ အားလုံး ရိတ်ပြီး၍ မိုးလွတ်ခဲ့ပြီ ထင်ရာ ယခု နောက်ဆုံးမှာ ကပ်မိသည်။ ပုတ်စင်ကို စောစော မမိုးမိသည်အတွက်သာ မိမိကိုယ်ကို ဦးကြီး အပြစ်တင်၏။ ရှိစေတော့။ ဖြစ်သမျှအကြောင်း အကောင်းချည်း။

mgyoe.com

ကိုသာစုက ခနိ မမိုးတတ်။ ထို့ကြောင့် အောက်မှနေ၍ ခနိကို သယ်ယူကမ်းပေးသည်။ အကူလာသူ မောင်ဖိုးချမ်းနှင့် ဦးကြီးတို့က ပုတ်စင်တို့ကို တစ်ဦးတစ်စင်စီ မိုးကြသည်။

တော်ပါသေး၏။ စက်ဝန်းတစ်ဝက်မျှ ရှိသော လမင်းသည် မွန်းတည့်မှတ် မရောက်တရောက် အမြင့်၌ အတန် ထိန်ထိန်လေး သာနေသည်။ တိမ်တို့ ရှိသော်လည်း လမင်းရောင်ကို မလွှမ်းနိုင်သေး။ ဤသဘာဝ မီးတိုင်ကြီးကြောင့် ညကြီးမင်းကြီး လုပ်နေကြရသော်လည်း ခရီးတွင်သင့်သမျှ တွင်၏။

ည၉ကိုးနာရီခန့်တွင် အမိုးများ ပြီးသွားကြ၏။

အမိုး မိုးအပြီး၌ ခေတ္တသာ နားကြပြီး စပါးများကို တောင်းတို့ဖြင့် သယ်၍ ပုတ်များတွင် ထည့်ကြသည်။

ည ဆယ်နာရီခန့်၌ လေသည် သိသိသာသာ ပြင်းလာ၏။ မိုးသားများလည်း တက်၍ တက်၍ လာသောကြောင့် လရောင်မှာ မှိန်တစ်ချည်၊ လင်းတစ်လှည့် ဖြစ်နေ၏။

သုံးဦးသားမှာ မောသည်ကို သတိမပြုမိကြဘဲ မနားတမ်း သယ်ကြသည်။

လေတို့က ပြင်းသည်ထက် ပြင်းလာသည်။ ဆက်တိုက်ကြီး တိုက်သည်တော့ မဟုတ်။ အရပ် တစ်မျက်နှာတည်းမှ လာသည်လည်း မဟုတ်။ ဟိုဘက်မှလာလိုက်။ သည်ဘက်မှ လာလိုက်။ လာပြီ ဆိုပြန်တော့ ရင်ဘတ်ကို တွန်းသည့်နှယ် အဟုန်ပြင်း၏။

ည၁၁နာရီခန့်၌ စပါးပုံမှ စပါးများအားလုံးကို ပုတ်တွင်း သွင်းပြီးသွားကြသည်။

ထိုအချိန်တွင် လေနောက် မိုးလိုက်လာသည်။

ကောင်းကင်တစ်ခုလုံးမှာ မည်းနေပြီး မိုးပေါက်များ ကျလာ၏။

သုံးဦးသားကား မနားနိုင်သေး။ ကောက်လှိုင်းစည်းများကို တဲပေါ်သို့ ရွှေ့ပြောင်း သယ်ယူကြသည်။

ကောက်လှိုင်းစည်းများ အားလုံး မကုန်မီတွင်ပင် မိုးသည် သည်းသည်းရွာချ၏။

တလင်းတွင် ကောက်လှိုင်းစည်းများများမှု မကျန်တော့။ တဲပေါ်တွင်လည်း နေရာမရှိတော့သောကြောင့် ကျန်သမျှ ကောက်လှိုင်းစည်းများကို တစ်စည်း

mgyee.com

နှင့် တစ်စည်း မှီပြီး ထောင်ထားကြ၏။ မိုးစိုသော်လည်း လှဲထားသည်ထက်မူ အပျက်အစီး သက်သာမည်ဟု ဦးကြီးက ရှင်းပြ၏။

အဓိကဖြစ်သော စပါးနှင့် ကောက်လှိုင်းစည်းအများ လေမိုး လုံခြုံခဲ့ပြီ ဖြစ်သောကြောင့် ဦးကြီးသည် သက်ပြင်းချနိုင်ပြီး မီးမွေး၍ ရေနွေးကျိုသည်။ ရေနွေး ဆူသောအခါ ငါးခြောက်ဖုတ်၊ ကောက်ညှင်းထုပ်တို့ကို လက်ဖက်ရည်ကြမ်း သောက်ရင်း စားကြသည်။

အပြင်ဘက်တွင် မိုးက တဖြောက်ဖြောက် ရွာနေ၏။ လေတွေကလည်း တိုက်ဆဲချည်း။ အမှန်မှာ မိုးထက် လေက များနေ၏။

မောင်ဖိုးချမ်းက ပြော၏။

"ဦးလေးက အချိန်မီ သိပေလို့ပဲ၊ မသိတဲ့ လူတွေတော့ ခံရပြီ"

"အေး... ငါလည်း ဟောဒီ မောင်သာစု လာပြောလို့၊ မပြောရင် ခံရပြီ။ ဒီစပါးတွေက အထူးနှုန်းရမယ့် စပါးတွေ၊ ပြီးတော့ ရာကျော် မဟုတ်ဘူး၊ ကောက်ကြီးတွေကွ"

ဦးကြီးသည် ကိုသာစုဆီ လှမ်းကြည့်၏။

ကိုသာစုကမူ ဦးကြီး၏ စကား၌ အာရုံပြုမိပုံ မရ။ တဲထောင့် တစ်နေရာရှိ ပစ္စည်းတစ်ခုကို စူးစိုက်ကြည့်နေ၏။

စောစောကမူ လုပ်ရင်း ကိုင်ရင်းမို့ သတိမပြုမိ။ အလင်းရောင်ကလည်း မကောင်း။ ယခုမူ ရေနံဆီ မီးအိမ်ရောင်၌ ကောင်းစွာ တွေ့ရသည်။

ဝါးပတ္တလား တစ်လုံးတည်း။

ကိုသာစုက ပတ္တလားကို ညွှန်ပြပြီး မေး၏။

"အဲဒါကို ဦးကြီး တီးသလား"

ဦးကြီး၏ မျက်နှာသည် အနည်းငယ် ညှိုးသွား၏။

"ဟင့်အင်း... မတီးပါဘူး၊ မတီးလည်း မတီးတတ်ပါဘူးကွာ"

ဦးကြီး၏ အသံက တစ်မျိုး ဖြစ်နေသည်ကို ကိုသာစုသည် သတိမပြုမိ။ သူသည် နေရာမှ ထသွားပြီး ပတ္တလားအိမ်တွင်း စမ်းနှိုက်၍ လက်ခတ်နှစ်ခု ထုတ်ယူ၏။

သူသည် ပတ္တလားကို ဟိုခေါက် သည်ခေါက် ခေါက်သည်။ မကြာခင် ချောလှ ဖြောင့်လှသည် မဟုတ်သော်လည်း တေးကွက်ရှိသော တီးလုံး ပေါ်လာ၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဦးကြီးနှင့် မောင်ဖိုးချမ်းတို့က ငြိမ်နားထောင်နေကြ၏။

အတန်ကြာ လက်စမ်းနေပြီးမှ ကိုသာစုသည် စိတ်ပျက်ဟန်ဖြင့် လက်ခတ်ကို ချလိုက်ပြီး မူလနေရာသို့ ပြန်လာထိုင်၏။

"မောင်သာစုကော တီးတတ်သလား"

"အင်း... တီးတတ်တယ် လို့တော့ ထင်တာပဲ၊ ဟုတ်ချင်မှ ဟုတ်မှာပေါ့ လေ၊ အဲ... ဟုတ်ချင်လဲ ဟုတ်နေမှာပဲ၊ မဟုတ်ဘူးလား"

မောင်ဖိုးချမ်းက ရယ်၏။ ဦးကြီးကမူ စူးစမ်းသယောင် ကိုသာစုကို စိုက်ကြည့်၏။

ကိုသာစုကမူ အပြင်ဘက်သို့ လှမ်းကြည့်ပြီး မေးခွန်းထုတ်၏။

"မုန်တိုင်း ဆိုတာက အဲဒါနဲ့တင် ပြီးသွားရောလား"

"ဘယ်ပြီးမလဲကွဲ့၊ ဒါက ရှေ့ပြေးလောက် ရှိသေးတာ"

"ဩော်... အပျိုတော် ထွက်တာပေါ့"

"အေး... အပေး... အပျိုတော် ထွက်တာ"

"အပျိုတော်တောင် ဒီလောက် ကြမ်းရင် နှိပ်စက်ခန်းကျတော့ လူကြမ်း ထွက်လာရင် အမယ်လေး... ပြီးပါလေရော"

မောင်ဖိုးချမ်းနှင့် ဦးကြီးတို့က ရယ်ကြ၏။

ကိုသာစုက ဝါးခနဲ သမ်းလိုက်ပြီး ပြော၏။

"အပျိုတော် ကြည့်ရတာ ပျင်းတယ်၊ အိပ်တော့မယ်၊ လူကြမ်း ထွက် လာရင် ကျွန်တော့်ကို နိုးဖြစ်အောင် နိုးနော်"

"အေးအေး... အိပ်တော့၊ အိပ်တော့၊ ပင်ပန်းပြီပဲ၊ မောင်ဖိုးချမ်းလဲ မပြန်နဲ့တော့၊ ဒီမှာပဲ အိပ်သွား"

ဦးကြီးက စောင်ကြမ်း နှစ်ထည် ထုတ်ပေး၏။

ကိုသာစုက သူ့အတွက် ရသော စောင်ကြမ်းကို သေချာစွာ ကြည့်၏။

ချည်စောင်ကြမ်း ဖြစ်သည်။ ဟောင်းနွမ်းပြီး အချို့နေရာတို့၌ အပေါက် အပြများ ရှိသည်။

သို့ရာတွင် သူ့သိုက်မြုံမှ ဂုန်နီအိတ်စုတ်ထက်မူ အများကြီး ကောင်း ၏။ အလျားရှည်သဖြင့် ခေါင်းကနေ ခြေအထိ လုံအောင် လွှမ်းနိုင်သည်။

ဩော်... တစ်ကိုယ်လုံး လွှမ်းအောင် စောင်ခြုံ၍ ဖိမ်နှင့် မကွေးနိုင်သည် မှာ ကြာပြီ။

mgyoe.com

mgyoe.com

မောကလည်း မောနေသည်။ ချမ်းကလည်း ချမ်းနေ၏။

ကောက်လှိုင်းစည်းများဆီ ခေါင်းပေးကာ ကိုသာစုသည် စောင်ခြုံ၍ ကွေးကွေးအိပ်၏။

လူငယ်နှစ်ဦး အိပ်ကြသော်လည်း ဦးကြီးမှာ မအိပ်နိုင်သေး။

နွားတဲကို သွားစစ်သည်။ နွားတဲက မိုးလေ လုံခြုံသည်။ နွားတဲအတွင်း မြေဆီရေဝင်ခြင်းလည်း မရှိ။ နွားများလည်း ကောင်းစွာ စားမြုံ့ပြန်နေကြ၏။

ဦးကြီးသည် အရေးပေါ် မိုးခဲ့သော ပုတ်စင်အမိုးများကို ထပ်စစ်သည်။

ယခု လေဒဏ်ကိုတော့ အမိုးများက ကောင်းစွာ ခံနိုင်သည်ကို တွေ့ရ၏။ မိုးလည်း အထူးတလည် မယို။ ဓနိသစ် ဖြစ်၍ အသားမကျသေးသောကြောင့် ယိုနေရာ သည်နေရာ၌ အနည်းငယ် ယိုနေသည် ရှိ၏။ သည်လောက်ကမှု မထောင်းတာလှ။

ကပ်မဖိရသေးသောကြောင့် ဦးကြီးမှာ ဘဝင်မကျလှသေး။

ဦးကြီးသည် လေအရှိန်ကိုကြည့်၏။ လေအရှိန်က စောစောကထက်ပင် လျော့နေသည်။

သည်ည သည်မျှဆိုလျှင် တော်လောက်ပြီ။ မနက်ဖြန်ကျမှ ကပ်ရက်ပြီး ကပ်ဖိတော့မည်။

ဦးကြီးသည် တဲအတွင်း ပြန်ဝင်ခဲ့၏။

လူငယ်နှစ်ဦးက ကောင်းစွာ အိပ်ပျော်နေပြီ။ မောင်ဖိုးချမ်းက ဟောက်၍ပင် နေ၏။

ခြေဆုံးခေါင်းဆုံး စောင်နှင့် အလုံထုပ်၍ အိပ်ပျော်နေသော ကိုသာစုဆီ ဦးကြီး ကြည့်၏။

ကိုသာစုထံမှ တစ်ဆင့် ဦးကြီး၏ မျက်လုံးများသည် ပတ္တလားထံ ရောက်သွားသည်။

ဦးကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်၍ အတွင်းခန်းဆီ ဝင်ခဲ့လေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

သောင်စပ်တွင် လှေထိုး ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မသင်းနုသည် သွက်လက်စွာ ခုန်ဆင်းလိုက်၏။

နောက်မှ ဆင်းသော ဒေါ်လေးက ဆိုသည်။

"ဖြည်းဖြည်းပေါ့ မိနုရယ်၊ ခုမှတော့ မထူးပါဘူး"

"စိတ်ပူလို့ပါ ဒေါ်လေးရဲ့၊ ညက ဦးကြီးတစ်ယောက်တည်း ဘယ်လိုနေမလဲ မသိဘူး၊ ရေစိုလို့ စပါးတွေတော့ ပျက်တော့မှာပဲ"

"အခု နေထွက်လာသားပဲ၊ သိပ်မစိုရင်တော့ နည်းနည်း ဖြန့်လှန်းလိုက်ရင် ရမှာပဲ"

"နေကလည်း ခဏသာတာပါ၊ မုန်တိုင်းမှ ဝင်မလာသေးပဲ၊ မိုးက ထပ်လာဦးမှာ၊ ဒေါ်လေး မြန်မြန်လျှောက်"

"အေးပါဟ၊ နင် လောတာနဲ့ ငါ ခလုတ်တိုက်မိပြီ"

တူဝရီးနှစ်ယောက်သည် ခပ်သွက်သွက်လေး လျှောက်လာခဲ့ကြ၏။

တိမ်ခြေက ရှိနေဆဲ ဖြစ်၏။ လေကမူ တိုက်လိုက် ငြိမ်လိုက်နှင့်။ တိမ်ကြားမှ နေသည် မပြူ့တပြူ သာနေ၏။

တလင်းဆီ လှမ်းမြင်ရသော နေရာအရောက်၌ မသင်းနုက ပြောသည်။

"ဒေါ်လေး... တလင်းမှာ စပါးတွေတော့ မရှိဘူး"

mgyoe.com

mgyoe.com

"အေ... ဟုတ်ပါရဲ့၊ နေမျှား ဖြန့်လှန်းထားလား မသိဘူး"

ဦးကြီးနှင့် မောင်ဖိုးချမ်းက တဲရှေ့တွင် ဝါးကပ် ရက်နေကြ၏။

"ဟဲ့... မိနုပါလား၊ စောစောစီးစီး ဘာလာလုပ်တာလဲ"

မသင်းနုက ဦးကြီးအနီးရှိ တုံးလေး တစ်ခုပေါ် ဝင်ထိုင်ရင်း ဖြေသည်။

"စိတ်ပူလို့ပေါ့ ဦးကြီးရဲ့"

"နင်က ဘာစိတ်ပူတာလဲ"

"ညက မိုးတွေ ရွာတယ် မဟုတ်လား၊ ဦးကြီး စပါးတွေ ရေစိုကုန်မှာ စိုးတာပေါ့။ ဦးကြီး ပြောတာ မှန်တယ်၊ ရေဒီယို မရှိတော့ ဘာမှ မသိဘူး၊ ခု မနက်မှ သိတာ၊ မုန်တိုင်းလာမယ် တဲ့"

"အေး... မုန်တိုင်းအကြောင်း ဘာဆက် ကြေညာသွားသေးလဲ"

"ဒီည ဆယ့်တစ်နာရီလောက်မှာ ပုသိမ်နားက ကပ်ပြီး ကုန်းတွင်းဝင်လာမယ် တဲ့"

"ည ဆယ့်တစ်နာရီ ဝင်မယ်၊ သေချာတယ်နော်"

"သေချာပါတယ်၊ သတင်းအချိန်တင် မဟုတ်ဘူး၊ ကြားဖြတ် ဖြတ်ပြီးလဲ သတိပေးသွားတယ် တဲ့"

ဦးကြီးက သက်ပြင်းကြီး ချ၍ 'တော်သေးတာပေါ့' ဟု ဆိုသည်။

"ဘာတော်သေးတာလဲ"

"အချိန်ကောင်းကောင်း ရလို့ပါ၊ ငါ အမိုးသစ်တွေ ကပ်ဖိရဦးမယ်၊ တဲနဲ့ နွားတဲ အမိုးတွေလဲ နည်းနည်း လိုက်ပြင်ထားရဦးမယ်"

"ဦးကြီး စပါးတွေကော"

"ပုတ်ထဲ ရောက်ကုန်ပြီ၊ ညက တစ်ညလုံး ပန်းလိုက်တာဟယ်၊ ဒါပေမဲ့ အချိန်မီ သိလို့ အားလုံး မိုးလွတ်တယ်"

"ဦးကြီး အချိန်မီ သိတယ်"

"အေးဟဲ့... ဟိုသူငယ် မောင်သာစု လာပြောလို့"

"ရှင်... မောင်သာစု"

"အေး... နင် မှတ်မှာပေါ့၊ ဟိုတစ်နေ့က လှည်းဖနောင့်သံတွေ အခမယူဘဲ ထမ်းပေးတဲ့ သူငယ်ဟာ"

"ဪ"

mgyoe.com

mgyoe.com


"သူက တစ်ဖက်ကမ်းက ရေဒီယို ကြေညာတာ သိလာပြီး လာပြောလို့၊ ညက သူပါ ကူလို့၊ နို့မို့ ဖိုးချမ်းနဲ့ ငါ နှစ်ယောက်တည်းဆို မိုးလွတ်ပဲ့မလား မသိဘူး"

"ကိုမြသီးတို့၊ ကိုစံဝေတို့ကကော"

"သူတို့က ဟိုဘက်ကမ်း ကူး ရုပ်ရှင် ကြည့်နေကြသတဲ့"

"ဒီမနက်တော့လဲ မလာကြဘူးလား"

"လာကြပါတယ်၊ ဒါပေမဲ့ ဒီမှာက သိပ်လုပ်စရာ မရှိတော့ဘူး၊ ဒါနဲ့ ငါ ဟိုဘက်က ကိုချစ်တီးတို့ တလင်းဘက် သွားကူခိုင်းလိုက်တယ်"

"ဟင်... ဒီလိုဆို ကျွန်မတို့လဲ လုပ်စရာ မရှိတော့ဘူးပေါ့"

"အေး... ဘာလဲ၊ နင်က ကူဖို့ လာတာလား"

"ဟုတ်တယ်၊ စပါးတွေ ဘာတွေ သယ်ရမလားလို့"

"မလိုတော့ပါဘူးဟယ်၊ မောင်သာစု ကျေးဇူးကြောင့် ငါ့စပါးတွေ ရေ တစ်စက်မှ မစိုဘူး၊ ကောက်လှိုင်းရော၊ စပါးရော ဆိုရင် ပျက်များ ပျက်ရင် အမယ်လေး... ငွေ တစ်ထောင်ကျော်ပဲဟေ့"

"ဒါထက် အဲ... အဲဒီ... ကိုသာစုကော"

"အေး... တော်တော်ဆန်းတဲ့ သူငယ်ပဲ၊ ညက ဒီမှာပဲ အိပ်တယ်၊ မနက်နိုးတော့ ကြည့်လိုက်တော့ သူ မရှိတော့ဘူး"

မသင်းနု၏ မျက်လုံးများတွင် ကိုသာစု၏ အသွင်သည် ပေါ်လာ၏။ ကိုသာစုနှင့် ပတ်သက်သော အတွေးတို့ကလည်း တစ်သီကြီး ရင်မှာ ပေါ်လာသည်။

"သူ့နာမည် ကိုသာစု တဲ့၊ ဟုတ်လား"

"အေးလေ... သူ ပြောတာပဲ"

"အဲဒါက သူ့ကို ကိုစိန်လှိုင်တို့က နောက်ပြီး ပေးထားတဲ့ နာမည်"

"ဒါဖြင့် သူ့မှာ တခြားနာမည် ရှိသေးလို့လား"

"အဲဒါတော့ ကျွန်မ မသိဘူး၊ ဪ... ဦးကြီး၊ သူ့ကြည့်ရတာ ဘယ်လို နေလဲ"

"ဘာ... ဘယ်လိုနေတယ် မေးတာလဲ"

"ဟိုသင်းလေ... စိတ်... စိတ်မှန်ရဲ့လား"

mgyoe.com

"ဟ... ကောင်းကောင်းမွန်မွန်ပဲ၊ အေး... တစ်မျိုးတော့ တစ်မျိုးပဲဟ"

"ဘယ်လို တစ်မျိုးလဲ"

"စကားပြောပုံတွေ ဘာတွေက တစ်မျိုးပဲ၊ ဒါပေမဲ့ ယဉ်တော့ ယဉ်ကျေးတယ်ဟ"

မသင်းနုသည် ဆက်မမေးဘဲ ငြိမ်၍ တွေးနေသည်။

"နင်တို့ ကူဖို့ လာတာလား၊ မလိုဘူး၊ ပြန်ကြတော့"

"ဟင်.... ဦးကြီးက နှင်ထုတ်ပြီ"

"မိုးနဲ့ လေနဲ့၊ တော်တော်ကြာ မုန်တိုင်းက လာဦးမှာ"

"ည မုန်တိုင်းလာတော့ ဦးကြီး တစ်ယောက်တည်း"

"ဖိုးချမ်း ရှိတယ်၊ ပြီးတော့ ဟိုသူငယ် မောင်သာခုလဲ လာဦးမယ် ထင်တာပဲ"

"ဦးကြီးကို ပြောသွားလို့လား"

"ပြောတော့ မပြောဘူး၊ ဒါပေမဲ့ သူက ဒီဘက်ကမ်းမှာ နေတာ"

"ဟုတ်လား... ဘယ်နားနေလဲ"

"အဲဒါတော့ မသိဘူး၊ သူ လက်ညှိုးထိုးပြတဲ့ ဘက်မှာလဲ ငါတော့ မြစ်နဲ့ သောင်ပဲ တွေ့တယ်၊ ထားပါလေ၊ နင်တို့ ပြန်တော့"

"မုန်တိုင်းက ညမှ လာမှာ၊ ကျွန်မတို့ လုပ်စရာရှိတာ ကူလုပ်ပေးသွားဦးမယ်"

"ကဲ... ဒါဖြင့် ထမင်း၊ ဟင်း ချက်ချေ၊ စားသောက်ပြီးရင် ပြန်ကြ"

မသင်းနုနှင့် ဒေါ်လေးတို့သည် ထမင်း၊ ဟင်း ချက်ပြုတ်ကြ၏။

ဦးကြီးနှင့် မောင်ဖိုးချမ်းတို့က အမိုးကို ကပ်ဖိကြ၏။

မီးဖိုချောင်၌ ကိစ္စပြီးသွားသော မသင်းနုသည် ဦးကြီးနှင့် မောင်ဖိုးချမ်းတို့ကို တိုလီမုတ်စ ဝိုင်းကူလုပ်ပေး၏။

ဦးကြီးက ပြန်ရန် တဖွဖွ ပြောနေသောကြောင့် ထမင်းစား အပြီးတွင် မသင်းနုသည် ဒေါ်လေးနှင့်အတူ တစ်ဖက်ကမ်းသို့ ကူးပြန်ခဲ့ရ၏။

ဦးကြီး ကြိုတင်ပူပန်သည်မှာ မှန်၏။ မသင်းနုတို့ အိမ်ပြန်အရောက်၌ မိုးမှောင်ပြီး လေကျလာ၏။ မကြာမီ မိုးက သဲသဲမဲမဲ ရွာချ၏။

နေဝင်သွားသည်အထိ မိုးက မတိတ်၊ လေတို့သည် ထန်လိုက် လျော့လိုက်နှင့် အရပ်ရှစ်မျက်နှာမှ ပတ်၍ တိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ည ဆယ့်တစ်နာရီတွင် ဆူညံမြည်ဟည်း၍ မုန်တိုင်း ဖြတ်သွားလေ၏။

◆

နံနက်စောစော နေရောင်ခြည် နုနုအောက်တွင် ဦးကြီးသည် ရပ်လျက် ရှိ၏။

တစ်နေ့ညကလည်း အိပ်ပျက်သည်။ မနေ့ညကလည်း အိပ်ပျက်သည်။ လူကတော့ ပင်ပန်းနေ၏။ သို့ရာတွင် ဦးကြီး၏ စိတ်မှာ ရွှင်လန်းနေ၏။

ပတ်ဝန်းကျင်တွင် မုန်တိုင်း၏ ခြေရာလက်ရာများ ကျန်ဆဲ ဖြစ်၏။ သစ်ပင်တို့၏ အကိုင်း၊ အခက်များမှာ ဖရိုဖရဲ ဖြစ်နေ၏။ မြေပဲပင်ပေါက်များပင် မြေသို့ ညွတ်ယိုင်နေကြသည်။

ဦးကြီး၏ တဲခေါင်မိုးတွင် ဓနိတစ်ချပ် လန်နေ၏။ တဲရှေ့တွင်လည်း ကောက်ရိုးမျှင်များနှင့် သစ်ရွက်များ ရောက်နေ၏။

ကိစ္စ မရှိပါ။ ပုတ်စင် အမိုးများကား ဘာမျှ မဖြစ်။ တလင်း၌ ထောင်ထားသော ကောက်လှိုင်းစည်းများသာ မိုးဖြင့် ရွှဲအိနေသည်။ ရွှဲအိပါစေ။ မကြာမီ ရေစစ်သွားမည်။ နေရောင်ကြောင့်လည်း သွေ့သွားလိမ့်မည်။ မသွေ့မခြောက်ဘဲ ပျက်စီးသည့်တိုင်စေ စပါးအနည်းအကျဉ်းသာ ပျက်စီးမည်။

ဦးကြီးသည် ကြက်သီးတော့ ထမိသေး၏။ ကံကောင်းပေ၍။ အနို့ မဟုတ်လျှင်...။

သည်မိုး၊ သည်လေ၊ သည်မုန်တိုင်းသည် အဘယ်မျှ ဖျက်ဆီးလိမ့်မည်နည်း။ ယခုအချိန်ဆိုလျှင် မိမိမှာ ရင်ကွဲပက်လက်နှင့် ရှိရချိမ့်မည်။

ယခုတော့ စိတ်ချမ်းသာရသည်။ မုန်တိုင်းစဲ၍ နေရောင်ကြောင့် သာယာသော နံနက်ခင်းမှာ မင်္ဂလာနံနက်ခင်းပင် ဖြစ်နေ၏။

စိတ်ရွှင်လန်းနေရာမှ တစ်စုံတစ်ရာကို သတိရပြီး ဦးကြီးသည် မျက်မှောင် ကြုတ်သွားမိ၏။

တစ်ဖက်ကမ်း မြို့ဘက်ဆီကော ဘယ်သို့ ရှိမည်နည်း။

မိနုတော့ ရောက်လာဦးမည်။ မိနု ရောက်မလာခင် မိမိ ကူးသွားရလျှင် ကောင်းမည်။ အိမ်သည် မုန်တိုင်းဒဏ် ခံနိုင်လေရဲ့လော။ တစ်ခုခု ဖြစ်လျှင် တစ်အိမ်လုံးမှာ မိန်းမသားချည်း။

ဦးကြီးသည် တဲပေါ် တက်၍ လျင်မြန်စွာ အဝတ်အစားလဲပြီး မြစ်ဆိပ်သို့ ဆင်းလာခဲ့၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်ဘက်ကမ်းတွင် ကူးတို့လှေ အဆင်သင့် မရှိ။

ကူးတို့ စောင့်ရင်းက ဦးကြီးသည် ဟိုဟိုသည်သည် ကြည့်မိ၏။

သောင်ပြင်ကို ငေးကြည့်ရာမှ ဦးကြီးသည် ကိုသာစုကို သတိရသည်။

ကျေးဇူးရှင် မောင်မင်းကြီးသား၊ မနေ့ညကတော့ သူ ပေါ်မလာ။

သည်ဘက်ကမ်းမှာ သူ နေသည် ဆို၏။ သူ့နေရာကို မိမိ မေးစဉ်က ဤသောင်ဘက်သို့ ညွှန်ပြခဲ့သည်။

ခက်သည်ကား ဤသောင်ပေါ်တွင် ဘာအဆောက်အအုံမျှ မရှိ။

ဦးကြီး၏မျက်လုံးများက သောင်အဆုံး ကမ်းပါးဆီသို့ ရောက်သွား၏။

ကမ်းပါးအောက်တွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေ၏။ ဦးကြီး၏ မျက်လုံများ မမှားပါ။

ကိုသာစု။ ကိုသာစုမှ ကိုသာစု အစစ်။

ဦးကြီးသည် သူ့ထံ သွက်လက်စွာ လျှောက်သွား၏။

မှန်သည်။ ကိုသာစုသည် သူ့သိုက်မြုံအဝတွင် စိတ်ပျက်လက်ပျက် ထိုင်နေ၏။

မုန်တိုင်းနှင့် မိုးသည် အခြားဘာတွေကို ဖျက်သွားသည် သူ မသိ။ သူ့ သိုက်မြုံလေးကတော့ ပျက်လေပြီ။ သြော်... သူ့အတွက်တော့ ကမ္ဘာလေး ပျက် သကဲ့သို့ သာလျှင်တည်း။

မိုးရေဒဏ်ကြောင့် အပေါ် မိုးမြေတစ်ဝက် ပြိုကျခဲ့သည်။ စီးဝင်လာ သော ရေ၊ စိမ့်ဝင်လာသော ရေ၊ ပက်ဝင်လာသော ရေ... သည်ရေတွေကြောင့် လိုဏ်လေးအတွင်းမှာဗွက်ပေါက်နေသည်။ကောက်ရိုးများရော ဂုန်နီအိတ်များပါ စိုရွှဲကုန်သည်။

ကောက်ရိုးများနှင့် ဂုန်နီအိတ်တို့ကိုမူ သောင်ပြင်တွင် နေလှန်းထား ပြီးပြီ။ ပြိုကျထားသော မြေများကို မဖယ်ရသေး။ ဘာလက်နက်မှလည်း မရှိ သောကြောင့် လက်နှင့်သာ ယက်ထုတ် ဖယ်ပစ်ရမည်။ ပြီးတော့မှ ဗွက်ထနေ သော ကြမ်းပြင်ပေါ် သောင်မှ သဲတွေ ကျုံးပြီး ခင်းရမည်။

တစ်နံနက်ခင်းတော့ အချိန်ကုန်မည်။ ဤသည်က ကိစ္စမရှိ။ မိမိမှာ အချိန်တွေ အများကြီး ရှိသည်။ ခက်သည်မှာက ရှေ့ရေး။

ပြုပြင်လိုက်လျှင်တော့ သိုက်မြုံလေးက ပြန်ကောင်းလာမည်။ သို့ရာ တွင် နှစ်ည ရွာသော မိုးနှင့်ပင် ပျက်သော သည်သိုက်မြုံသည် မိုးတွင်းဆိုလျှင်

mgyoe.com

mgyoe.com
SAMPLE BOOK


မည်သို့ ရှိပုံ။ မိုးတွင်း ရောက်သော် သည်သောင်ပင် ရှိချင်မှ ရှိတော့မည်။ မြစ်ရေ တိုးပါက သည်လိုဏ်လည်း ရေအောက် ရောက်မည်။

အိမ်ထောင် ပျက်ခြင်း။ သည်စကားက ခေါင်းတွင်း ကြဲကြဲဖန်ဖန် ရောက်လာ၏။

သည်ဟာကို အိမ်ထောင် ပျက်သည်ဟု ခေါ်နိုင်ပါသလော။ အင်းလေ... ထူထောင်ထားရသော အိမ်လေး ပျက်သည်ပေ့ါ။ သည်တော့ အိမ်ထောင် ပျက်သည်ပေ့ါ။ အင်း... အဟင်း။

အတွေး၌ နစ်မြုပ်၍ ကောင်းဆဲ အနောက်ပါးမှ အသံ ပေါ်လာ၏။

"မောင်သာစု... ဘာလုပ်နေတာလဲ"

ထိတ်လန့် တုန်လှုပ်စွာ လှည့်ကြည့်လိုက်သော သူက ဦးကြီးကို တွေ့ရ၏။

ဦးကြီးကသာ ထပ်မေး၏။

"မောင်သာစု ဘာလုပ်နေတာလဲ"

သူက အဓိပ္ပာယ်မရှိ ပြုံးလိုက်၏။

"ဘာမှ မလုပ်ပါဘူး၊ ဘာလုပ်ရမလဲလို့ ထိုင် စဉ်းစားနေတာ"

"ဒီနေ့ မင်း အလုပ်မဆင်းဘူးလား"

"ဒီနေ့ ကျွန်တော်... အဲ... အိုးအိမ် ပြန်ထူထောင်မလို့"

"ဘယ်လို..."

ကိုသာစုက သူ့လိုဏ်ကလေးကို ညွှန်ပြ၏။

ဦးကြီးက နားမလည်။ လိုဏ်လေးကို ကြည့်သည်။ ထို့နောက် သူ့ မျက်နှာကို ကြည့်၏။

"မောင်သာစု ဘာပြောတာလဲ"

သူက လိုဏ်လေးကို ပြန်ညွှန်ပြ၏။

"အဲဒါ ကျွန်တော့်အိမ်၊ အခု ပျက်သွားလို့ ပြန်ထူထောင်မလို့"

"ဪ... ဒီဥစ္စာ... မင့်... အိမ်"

"မြွေခွေးမှာ တွင်းရှိတယ်၊ ငှက်မှာလဲ အသိုက် ရှိတယ်၊ ကျွန်တော့်လဲ အိမ်ရှိတာပေ့ါ၊ မြွေခွေးနေတော့ တွင်း၊ ငှက်နေတော့ အသိုက်၊ လူနေတော့ အိမ်၊ ဝါဟာရတွေပါ၊ မဟုတ်ဘူးလား"

mgyoe.com

mgyoe.com  SAMPLE BOOK 

ဦးကြီးသည် လိုဏ်ကို ကြည့်ပြန်၏။ သောင်ပေါ်ရှိ ဂူနိမိတ်များနှင့် ကောက်ရိုးများကိုလည်း ကြည့်သည်။

ဦးကြီးသည် ခေါင်းခါ၏။ ရင်၌လည်း ကရုဏာ ဆို့လာ၏။

"ဒါဖြင့် မင်းမှာ အိမ် မရှိဘူးပေါ့"

"ဟာ... ဦးကြီးကလဲ ခက်တော့တာပဲ၊ အဲဒါဟာ ကျွန်တော့်အိမ်လို့ ရှင်းပြနေတယ် မဟုတ်လား"

"ထားပါတော့လေ၊ မင်း ပြောသလိုပဲ၊ ဝေါဟာရတွေ၊ အခု... မင့်... အဲ... အိမ်က ပျက်နေပြီ မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် ပြန်ထူထောင်မလို့"

ဦးကြီးသည် စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီး ပြော၏။

"ပြန်ထူထောင် မနေနဲ့တော့ကွယ်၊ မင်း ဦးကြီးနဲ့ လိုက်နေ၊ ဟုတ်လား"

"ခင်ဗျာ..."

"ဦးကြီးတဲက အကျယ်ကြီးပါ၊ များသောအားဖြင့် ဦးကြီး တစ်ယောက်တည်းလိုလို နေတာ၊ ဦးကြီး တဲမှာ လာနေပေါ့"

သူက ခေတ္တငိုင်ပြီး စဉ်းစားနေသေး၏။

"ဦးကြီးကို အိမ်လခ ဘယ်လောက် ပေးရမှာလဲ"

"မယူပါဘူး မောင်ရင်ရာ၊ ဦးကြီးက တူလို သားလို ခေါ်တာပါ၊ မင့်ကျေးဇူးကလဲ ဦးကြီးပေါ် ရှိတယ်"

"ခင်ဗျာ..."

"မင့်ကြောင့် ဦးကြီး စပါးတွေ မိုးလွတ်ခဲ့တယ်၊ တစ်ယောက်ကျေးဇူး တစ်ယောက် သိရတယ်၊ တစ်ဦးမေတ္တာ တစ်ဦး တုံ့ပြန်ရတယ်"

ဘာကြောင့်မသိ သူ့မျက်နှာသည် မှုန်မှိုင်းသွား၏။ ခေါင်းလည်း ငိုက်သွားသည်။

"ဘယ်လိုလဲကွဲ့၊ မင်းက ဦးကြီးနဲ့ လိုက်မနေချင်ဘူးလား"

"တွင်းထဲမှာ အသိုက် လုပ်နေတာထက် စာရင် အိမ်မှာ နေရတာက သိပ်ကောင်းတာပေါ့၊ ကျွန်တော် စဉ်းစားတာက ဦးကြီးရဲ့ စကားပါ"

"ငါ့စကားက ဘာဖြစ်လို့လဲ"

"အို... အို... ဘာမှ မဖြစ်ပါဘူး၊ မေတ္တာ ဆိုတဲ့ စကား ကြားလို့"

"အဲဒီစကားက ဘာဖြစ်သလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


"မေတ္တာ ဆိုတာဟာ ဒီလောကမှာ မရှိဘူးလို့ ကျွန်တော်က ထင်တာ၊ အခုတော့လဲ ရှိသားပဲ၊ အင်း... အင်း... ရှိသားပဲ"

ယင်းသို့ ညည်းပြီး သူက သူ့ဂုန်နီအိတ်များကို ကောက်ယူ၏။

"အဲဒါတွေက ဘာလုပ်မလို့လဲ"

"ကျွန်တော့် စောင်တွေလေ"

"ထားခဲ့ပါ မောင်သာခု၊ မင်းကို ဦးကြီး စောင်လဲ ပေးပါ့မယ်"

သူသည် ဦးကြီးကို တစ်ချက် ကြည့်၏။ ထို့နောက် ဂုန်နီအိတ်များကို လွှတ်ချလိုက်၏။

ဦးကြီးက ရှေ့ဆောင်၍ တဲဆီ လာခဲ့သောအခါ သူက နောက်မှ ကုပ်ကုပ်လေး လိုက်လာ၏။

ညက သူ့အဝတ်အစားတွေ ရေစိုခဲ့သောကြောင့် တစ်ကိုယ်လုံး ချမ်းနေခဲ့သည်။

ယခုတော့ အဝတ်အစားတွေက ခြောက်စ ပြုပြီ။ နေရောင်ကလည်း တောက်ပစွာ ကျလာနေ၏။

သူ့ကိုယ်မှာ နွေးလာသည်။

နေရောင်ကြောင့်လည်း နွေးသည်။ မေတ္တာစောင်ကြောင့်လည်း နွေးသည် ထင်၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၆ )

တစ်ကြိမ်က မသင်းနုကို ဦးကြီး ပြောခဲ့သကဲ့သို့ လယ်တောသည် သာယာနေ၏။

ဆောင်းသည် မယွန်းသေး။ နွေဘက်သို့မူ ယိုင်နေပြီ။

နွေအစကို နိမိတ်ပြေးပြသကဲ့သို့ အချို့သစ်ပင်တို့ထက်တွင် ရွက်ဝါ ပေါ်စ ပြုပြီ။ ဘန့်ပွေးပင်တို့ ဆိုလျှင် အရွက်မှန်သမျှ ပတ္တမြားရောင် ပေါက်နေ သည်။ မြေပြင်တွင် ပတ္တမြားရွက်တို့ တစ်ရွက်တလေ လျောင်းစက်ကာ ရှိပြီ။

သစ်လေးပင် ဝိုင်းသော ဦးကြီး၏ တလင်းမြေတွင် ကောက်လှိုင်းစည်း များ ပြန်ရောက်နေပြီ။

နယ်ပြီးသော စပါးတို့နှင့်ကောက်ရိုးများကို ဦးကြီးက ခွဲခြား စင်ပစ်နေသည်။

ကိုသာစုက စပါးသယ်ပေးသည်။ ဖိုးချမ်းက စပါးလှေ့နေ၏။

ကြက်တူရွေးစာပင် အရင်း၌ ပုစွန်ကျစ်စာခဲလေးတွေ ဝိုင်းလျက် စပါးနှံ တစ်စည်းကို ပုန်းမကြည် ပွဖော်ထားသည်။

ကောက်ဆွကို ချလိုက်ပြီး ပုန်းမကြည် ပွဖော်ထားရာ အနီးရှိ ဖျာကြမ်း တစ်ချပ်ပေါ်တွင် ဦးကြီး လာထိုင်သည်။ လက်ဖက်ရည်ကြမ်း တစ်ခွက် ငှဲ့သောက် ပြီး လှမ်းအော်ပြော၏။

“မောင်သာစုတို့လဲ လာဟေ့၊ နားကြဦး၊ အကြမ်းသောက်လှည့်၊ မိနုကော လာလေ၊ နင့်ဟာ မပြီးသေးဘူးလား”

mgyoe.com

mgyoe.com
SAMPLE BOOK


တဲ၏ ခြေရင်းပိုင်း တရုတ်မန်ကျည်းပင်ရိပ်၌ မသင်းနုကလည်း အလုပ်များနေ၏။

ပန်းချီကားချပ်ကို သုံးချောင်းထောက်တိုင်ဖြင့် ဆင်ထား၏။ ကားချပ်ပေါ်၌ ဆီဆေးဖြင့် ဖော်ထားသော တလင်းမြေတွင် စပါးလှေ့ပုံသည် ရုပ်လုံးပေါ်နေပြီ။ ဟတ်ဖ်တုန်း ခေါ် အရောင်အပျော့စားတို့ဖြင့် ပုံကြမ်းလောင်းသည့် အပေါ်၌ အမှောင်လိုက်ပြီးပြီ။ ယခု စုတ်နုဖြင့် အသေးစိတ် အလင်းတင်နေခြင်းဖြစ်၏။

ဦးကြီးခေါ်သံ ကြားသဖြင့် မသင်းနုက ဖြေ၏။

"ပြီးခါနီးပါပြီ၊ ခဏလေး ဦးကြီး"

ကိုသာစုသည် တောင်းကို ချလိုက်ပြီး ဦးကြီးနား လာထိုင်၍ လက်ဖက်ရည်ကြမ်း တစ်ခွက် ငှဲ့သောက်၏။

"မောလား မောင်သာစု"

"မမောပါဘူး ဦးကြီးရာ၊ မြစ်ဆိပ်ကနေ ကမ်းပါးထိပ် ရောက်အောင် လှည်းဖနောင့်သံတွေ ထမ်းတက်ရတာထက် စာရင် ဒါက အများကြီး သက်သာတာပဲဟာ"

"မောင်သာစု အရင်က လယ်တဲမှာ အလုပ် လုပ်ဖူးလား"

"ဟင့်အင်း... ကျွန်တော်က လယ်အကြောင်း ဘာတစ်ခုမှ မသိဘူး၊ ဦးကြီးကိုတောင် တစ်ခု မေးမလို့"

"ဘာလဲ မေးလေ"

ဖိုးချမ်းကလည်း သူတို့အနီး ဝင်ထိုင်၏။

ကိုသာစုက မေးသည်။

"ကျွန်တော် ရထားနဲ့ လာတုန်းက လမ်းမှာ လယ်ကွင်းတွေ တွေ့တယ်၊ တချို့နေရာတွေက ရိတ်ပြီးပြီ၊ တချို့နေရာတွေက ရိတ်ရဖို့ ဝေးရော၊ အစိမ်းရောင်တောင် မပျောက်သေးဘူး၊ ဟော... ဒီဘက် ရောက်တော့လဲ အားလုံးရိတ်ပြီးတဲ့ အပြင် မြေပဲတောင် စိုက်ပြီးနေပြီ။ တစ်နေရာနဲ့ တစ်နေရာ မတူဘူး ထင်တယ်၊ အဲဒါ မေးချင်လို့"

"အင်း... မတူဘူးပေါ့ကွာ၊ မင်း တွေ့ခဲ့တာက ပုသိမ်ဘက်မှာ ထင်တယ်၊ ဟုတ်လား"

mgyoe.com